# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၃၇)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၁၁ ရက် ၊ ၂၃-၄-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗာတီကန်မြို့ပြနိုင်ငံ (Holy See)၏ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်ခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ဗာတီကန်မြို့ပြနိုင်ငံ (Holy See) ၏ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်ခဲ့ခြင်းအတွက် ဗာတီကန်မြို့ပြနိုင်ငံ၊ အစိုးရအဖွဲ့ အကြီးအကဲ ဘုန်းတော်ကြီး ပီယဲထရို ပါရိုလင် (His Eminence Cardinal Pietro Parolin) ထံသို့ ယနေ့တွင် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

**စာမျက်နှာ ၃ သို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ပျဉ်းမနားဘူတာနှင့် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနေရာများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၂

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်တို့နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ ပျဉ်းမနား ဘူတာယာဒ်ဝင်းနှင့် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန နေရာများ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြင်ဆင် မွမ်းမံနေသည့် လုပ်ငန်းခွင်နေရာများကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)



ဦးစွာပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် ပျဉ်းမနားဘူတာသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ရထားလက်မှတ်ရောင်း အဆောက်အအုံ ပြိုကျပျက်စီးနေမှုကို လိုအပ်သည့် ပြန်လည်မွမ်းမံမှု ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

ယင်းနောက် ဘူတာယာဒ်ဝင်း ထိန်းသိမ်းခြင်းဆိုင်ရာ အဆောက်အအုံပြိုကျပျက်စီးမှု၊ ယာဒ်ဝင်း အတွင်း ဓာတ်အားခွဲရုံပျက်စီးမှု အား ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဘူတာတွင်းစာတိုက် အဆောက်အအုံ၊ လူကူးခုံးကျော်တံတား မွမ်းမံပြင်ဆင်ရန် လိုအပ်မှုတို့ကို စစ်ဆေးပြီး ရှေးဟောင်း အုတ်ကြွပ်အမိုးပြားများ စနစ်တကျ သိမ်းဆည်းရေး၊ ဆယ်တင်ပစ္စည်းများ လေလွင့်မှုမရှိစေရေး တို့ကို မှာကြားသည်။

ထို့အပြင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် ဘူတာရထား လမ်းခွဲ/လမ်းကူးများ ထိန်းချုပ်သည့် စနစ်အား အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ကျွမ်းကျင်ဝန်ထမ်းများ၊ အငြိမ်းစားယူခဲ့ပြီးသော ဝန်ထမ်းဟောင်းများ၊ ဌာနနှင့် လုပ်ငန်းဆက်စပ်ဆောင်ရွက်နေသည့် ပညာရှင်များအား ဖိတ်ခေါ်စုစည်းတိုင်ပင်၍ အကောင်းဆုံး နည်းလမ်းကို ဖော်ထုတ်ပြီး လက်တွေ့ဆောင်ရွက်သွားနိုင်ရေး လိုအပ်ချက်များကို မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ရှိ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသို့ ရောက်ရှိပြီး ပင်မရုံး အဆောက်အအုံ ပျက်စီးမှုကြောင့် လုပ်ငန်းသုံးပစ္စည်းများ ယာယီရွှေ့ပြောင်း နေရာချထားပြီးစီးမှု အခြေအနေ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနိုင်မှု အခြေအနေ၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် Data Center Farm တည်ဆောက်နေမှု လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လူ၊ ပစ္စည်းနှင့် စနစ်တို့ လုံခြုံမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို ဂရုပြုဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်ဝစွာ တည်ဆောက်အသုံးပြုရေးတို့ကို မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ကြီးရုံး၊ ရုံးအမှတ် ၅ နှင့် ရုံးအမှတ် ၂ တို့၏ နယ်နိမိတ်များအတွင်း ငလျင်ဒဏ်ခံ ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရေးအတွက် ဘာရှာ အဆောက်အအုံများ ဆောက်လုပ်ရန် မြေနေရာများ ရွေးချယ်လျက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၅ ခုနှစ်၊ ဧပြီ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့။

## ဘိလပ်မြေများ ထုတ်လုပ်နိုင်ရေး၊ စက်ရုံပြန်လည် လည်ပတ်ရေး ဆောင်ရွက်လျက်ရှိ

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ များစွာလိုအပ်လျက်ရှိသည်။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ၊ အမိုး၊ အမိုးပြားစက်ရုံများ၊ အထပ်သားစက်ရုံများ၊ အုတ်စက်ရုံများ စက်စွမ်းအားပြည့် ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုထားကြောင်း၊ ထို့ကြောင့် စက်ရုံ၏ ထိခိုက်ပျက်စီးမှုများနှင့် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ စက်ရုံအား အမြန်ဆုံးလည်ပတ်နိုင်ရေး ဆောင်ရွက်ခြင်းသည် ပြည်သူများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးရေးအတွက် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်းတင်ပြစေလိုကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဧပြီ ၂၁ရက် နံနက်ပိုင်းတွင် ကျောက်ဆည်စက်မှုနယ်မြေရှိ သံတော်မြတ်ကုမ္ပဏီလီမိတက်၏ ကြံနစ်ကောင်ဘိလပ်မြေစက်ရုံသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံရာတွင် လမ်းညွှန်မှာကြားသည်။

ကြံနစ်ကောင်ဘိလပ်မြေစက်ရုံတွင် တစ်နေ့လျှင် ဘိလပ်မြေတန်ချိန် ၅၀၀၀ စီ ထုတ်လုပ်နိုင်သည့် လိုင်းနှစ်လိုင်းတပ်ဆင်ထားရှိပြီး ကုန်ထုတ်လိုင်းတစ်လိုင်းအား မေ ၁၅ ရက်တွင် ပြန်လည်လည်ပတ်နိုင်ရေး ဦးတည်၍ စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနနှင့် Myanmar Conch Cement Co.,Ltd တို့ အကျိုးတူပူးပေါင်း၍ ဘိလပ်မြေများ ထုတ်လုပ်လျက်ရှိသည့် အမှတ် (၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်)သို့ ရောက်ရှိပြီး ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မီးသင်းဖိုအား ပြုပြင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်း၊ အဆောက်အအုံများအား သတ်မှတ်အချိန်တွင် ပြီးစီးရေးအတွက် လက်တွေ့ကျသည့် အစီအမံများ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံအား သတ်မှတ်အချိန်မတိုင်မီ လည်ပတ်နိုင်ရေးအတွက် စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများကို နေ့ဆိုင်း၊ ညဆိုင်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံအတွင်း ပျက်စီးခဲ့သည့် အခြေအနေများကို သင်ခန်းစာဖော်ထုတ်၍ စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်သည် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့်အချိန်ဖြစ်သဖြင့် ဘိလပ်မြေများ ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံပြန်လည်လည်ပတ်ရေးဆောင်ရွက်နေသည့် လုပ်ငန်းများကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်သော ဘိလပ်မြေများကို စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ငလျင်ဒဏ်သင့်ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဧပြီ ၂၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ ၃၆လမ်းနှင့် ၈၉ လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်(ဘဘ-၁၈)၊ ၄၅လမ်းနှင့် ၁၁၄လမ်းထောင့်တွင် ရောင်းချပေးခဲ့သည်။ သက်သာဈေးရောင်းချမည့်အစီအစဉ်ကို ဧပြီ ၂၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက် (၄၁)၊ ၂လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၅၉လမ်းနှင့် လမ်း၆၀ကြား၊ ၁၁၇လမ်းတို့တွင်လည်းကောင်း၊ ဧပြီ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၈)၊ ၂၈လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ အမရပူရမြို့နယ်၊ ရွှေဂွမ်းထုပ်ရပ်ကွက်၊ တရုတ်တန်းလမ်းနှင့် မောင်းတန်းလမ်းဆုံ၊ နဂါးဘုရားဝင်းတို့တွင်လည်းကောင်း၊ ဧပြီ ၂၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်းနှင့် ၇၂လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ ဧရာထွန်းတိုက်တန်း၊ အဆောင် ၇နှင့် ၈ကြား၊ မေတ္တာလှူမှုကူညီရေးအသင်းရုံးရှေ့၊ သံလျက်မော်တောင်ရပ်ကွက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## အဆင့်မြင့်ဈေးချိုတော် ဆိုင်ခန်းများ၏ ၈၀ ရာခိုင်နှုန်း ဖွင့်လှစ်လာကြပြီး အရောင်းအဝယ် ပုံမှန်အနေအထားသို့ ရောက်ရှိလာ



**မန္တလေး ဧပြီ ၂၂**

မန္တလေးငလျင်ကြီး လှုပ်ရှားပြီးနောက် ယာယီပိတ်လိုက်သည့် အဆင့်မြင့်ဈေးချိုတော်ကို ဧပြီ ၂၁ ရက်က ပြန်လည်ဖွင့်လှစ်ပြီဖြစ်၍ ယနေ့တွင် ဆိုင်ခန်းများ ၏ ၈၀ ရာခိုင်နှုန်းကျော် ဖွင့်လှစ်ရောင်းချလာကြပြီး ဈေးဝယ်သူများဖြင့် စည်ကားလျက် အရောင်းအဝယ် ပုံမှန်နီးပါးရောက်ရှိလာသည်ဟု သိရသည်။ (အပေါ်ပုံ)

အဆောက်အအုံကို ဧပြီ ၃ ရက်နှင့် ၇ ရက်က ပြည်တွင်း ပြည်ပ ကျွမ်းကျင်ပညာရှင်များနှင့် အဆောက်အအုံကြံ့ခိုင်မှုစစ်ဆေးခဲ့ရာ လုံခြုံစိတ်ချရသည်ဟု မှတ်ချက်ပေးခဲ့သဖြင့် ယခုကဲ့သို့ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။

“ဈေးချိုတော်ပင်မအဆောက်အအုံတွေနဲ့ အောက်ခြေ Under ground တွေမှာ စတင်တည်ဆောက်ချိန်က ငလျင်ဒဏ်ခံနိုင်အောင် တည်ဆောက်ခဲ့တာဖြစ်တဲ့အတွက် ကြံ့ခိုင်မှုစိတ်ချရတဲ့ အနေအထားဖြစ်ပါတယ်။ စဖွင့်တဲ့နေ့က ၇၀ ရာခိုင်နှုန်းလောက်ပဲ ဆိုင်ခန်းတွေဖွင့်တယ်။ ဒီနေ့မှာ ၈၀ ရာခိုင်နှုန်းကျော် ဆိုင်ခန်းတွေ ဖွင့်ကြသလို အရောင်းအဝယ်ပုံမှန်နီးပါး ရှိလာပြီ”ဟု ၎င်းက ပြောသည်။

ဈေးချိုတော်ကို ပုံမှန်ဈေးဖွင့်ချိန်၊ ပိတ်ချိန်နှင့် ဈေးပိတ်ရက်များအတိုင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဆိုင်ခန်းရှင်များ ဆိုင်ခန်းများပြင်ဆင်ရန်နှင့် တည်ခင်းရန်အတွက် ဧပြီ ၂၃ ရက်ထိ ဈေးဖွင့်ချိန်တွင် ဆောင်ရွက်နိုင်ပြီး အတွင်းပိုင်းကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ဈေးရုံအဝင်လမ်း၊ အထွက်လမ်းရှင်းလင်းရေးတို့ကိုလည်း ဆောင်ရွက်မည်ဟု သိရသည်။ (မန္တလေးနေ့စဉ်-၉)

## ဘိလပ်မြေများ ဆိပ်ကမ်းသို့ ဆက်တိုက်ရောက်ရှိလာပြီး ဈေးကွက်အတွင်း အမြန်ဆုံးဖြန့်ဖြူးပေးမည်




**မန္တလေး ဧပြီ ၂၂**

ငလျင်ဒဏ်ကြောင့် အဆောက်အအုံပျက်စီးသူများ ပြန်လည်ပြုပြင် ဆောက်လုပ်ရာတွင် အဆင်ပြေစေရန် ပြည်ပမှ မှာယူတင်သွင်းသည့် ဘိလပ်မြေများကို ဈေးကွက်အတွင်း အမြန်ဆုံးဖြန့်ဖြူးနိုင်ရေး ဘိလပ်မြေတင်သွင်းသည့် ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းဘိလပ်မြေစက်ရုံများမှ ထုတ်လုပ်မှုနှင့် မလုံလောက်သောကြောင့် ပြည်ပမှ မှာယူတင်သွင်းလျက်ရှိရာ သင့်လျော်သည့် ဈေးနှုန်းဖြစ်ရန်လည်း ဆောင်ရွက်နေကြသည်ဟု ဆိုသည်။

“ဧပြီ ၁၈ ရက်ညနေပိုင်းက ဘိလပ်မြေတန်ချိန် ၃၀၀၀ ဝန်းကျင်တင်ဆောင်လာတဲ့ ရေယာဉ်က ရန်ကုန်ဆိပ်ကမ်းရောက်ခဲ့ပြီး နောက်ရက်တွေမှာ ဈေးကွက်ထဲ ဖြန့်ပေးခဲ့တယ်။ နောက်ထပ်လည်း ရောက်လာဖို့ရှိပါတယ်။ ဈေးကွက်ထဲကို အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်မှာပါ”ဟု ဘိလပ်မြေတင်သွင်းသူတစ်ဦးက ပြောသည်။

ပြည်တွင်းစက်ရုံများအချို့ကလည်း ငလျင်ဘေးသင့်ခဲ့သည့် မန္တလေး၊ စစ်ကိုင်း၊ ပဲခူးစသည့် ဒေသများသို့ စက်ရုံဈေးဖြင့် ဘိလပ်မြေတန်ချိန် ၅၀၀၀ ကျော်ကို အထူးအစီအစဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

○ ရှေ့ဖုံးမှ

အဆိုပါ သဝဏ်လွှာတွင် ၂၀၂၅ ခုနှစ်၊ ဧပြီ ၂၁ ရက်တွင် ဗာတီကန်မြို့ပြနိုင်ငံ၊ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်သွားသည်ဟု ကြားသိရသည့်အတွက် အလွန်ပင်စိတ်မကောင်းဖြစ်ရကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား လည်းကောင်း၊ မိမိကိုယ်စားလည်းကောင်း ကိုယ်တော်နှင့် ဗာတီကန်မြို့ပြနိုင်ငံ ပြည်သူများထံသို့ ဝမ်းနည်းကြေကွဲကြောင်း ဖော်ပြလိုကြောင်း ပါရှိသည်ဟု သတင်းရရှိသည်။

သတင်းစဉ်

Chairman
State Administration Council
Republic of the Union of Myanmar

Dated. 22 April 2025

Your Eminence,

I was deeply saddened to hear about the news of the demise of His Holiness Pope Francis, Supreme Pontiff of Vatican City on 21 April 2025.

On behalf of the Government and People of the Republic of the Union of Myanmar and on my own behalf, I wish to extend my deepest condolences and heartfelt sympathy to Your Eminence and the people of Vatican City.

His Holiness Pope Francis will be held in high esteem for his service and dedication for the Lord as well as his contribution to the world peace.

Please accept, Eminence, the assurances of my highest consideration.

Senior General Min Aung Hlaing

His Eminence Cardinal Pietro Parolin
Secretary of State of Vatican
Vatican City

# သတင်းထုတ်ပြန်ချက်

## ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်ခဲ့ခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

ဗာတီကန်မြို့ပြနိုင်ငံ (Holy See) ၏ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်ခဲ့ခြင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ဗာတီကန်မြို့ပြနိုင်ငံ၊ အစိုးရအဖွဲ့အကြီးအကဲ ဘုန်းတော်ကြီး ပီယဲထရို ပါရိုလင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့ခဲ့ပါသည်။

နေပြည်တော်
ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ အဋ္ဌမအကြိမ် ရန်ကုန်မြို့သို့ရောက်ရှိ

နေပြည်တော် ဧပြီ ၂၂

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင်ဒဏ်သင့် ဒေသများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသော Air China Cagro လေယာဉ်သည် အဋ္ဌမအကြိမ်အဖြစ် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။


တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့်လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာမှုကို တွေ့ရစဉ်။

အဆိုပါလေယာဉ်ဖြင့် ဆေးဝါးများ ၃၇၉၀၃ Kg ပါရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိစဉ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr.Ouyang Daobing နှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံကြသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr.Ouyang Daobing က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ

စာမျက်နှာ ၄ သို့ ❒

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးထိုင်မည့် ဇေယျာသီရိခရိုင်တရားရုံးရှိ တရားခွင်များကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၂

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ပင်မအဆောက်အအုံ၌ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့သဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားခွင်များကို ဇေယျာသီရိခရိုင် တရားရုံးသို့ ပြောင်းရွှေ့ ရုံးထိုင်မည်ဖြစ်ရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိခရိုင် တရားရုံးသို့ရောက်ရှိပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားခွင်များ ဖြစ်သည့် စုံညီခုံရုံး၊ အထူးအယူခံခုံရုံး၊ အထူးခုံရုံး၊ ရာဇဝတ်ဆိုင်ရာနှင့် တရားမဆိုင်ရာ အယူခံ၊ ပြင်ဆင်မှုများအတွက် ရုံးထိုင်မည့်တရားခွင်များ ပြင်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက စုံညီခုံရုံး၊ အထူးအယူခံခုံရုံး၊ အထူးခုံရုံးနှင့် အယူခံ၊ ပြင်ဆင်ရုံးများအတွက် ရုံးထိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားသည့် အခြေအနေ၊ တရားသူကြီးများအတွက် နားနေခန်းထားရှိမှုနှင့် ဒုတိယညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ ရုံးထိုင်မည့် အခြေအနေတို့ကို လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုတရားသူကြီးချုပ်က ယာယီတရားခွင်များ ဖြစ်သော်လည်း တရားခွင်အဆင့်အတန်းမီအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားရုံးဥပမိရပ်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ open court ဖြစ်သည့်အတွက် အမှုသည်များ၊ ရှေ့နေများ၊ အမြင့်ဆုံး တရားရုံး၏ တရားစီရင်မှုကို လေ့လာလိုသူများနှင့် သတင်းမီဒီယာများကိုလည်း တရားခွင်အတွင်း ဝင်ရောက်လေ့လာခွင့်ပြုရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြင်ဆင်ဆောင်ရွက်မှုများကို ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ကြီးမားသည့် ငလျင်ဘေးဒဏ် ကြုံကြိုက်ခဲ့ကြရသော်လည်း တရားစီရင်ရေးကို ရပ်တန့်မှုမရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသော အရာထမ်း၊ အမှုထမ်းများကို ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးထိုင်မည့် ဇေယျာသီရိခရိုင်တရားရုံးကို ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်သူများ၏ ဥပဒေပါအခွင့်အရေးများ နစ်နာဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ရုံးဖွင့်ရက်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းမည့် အမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုလက်ခံကောင်တာ၌ ယခင်အတိုင်း လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ကြိုတင်သတိပေး အမှုခေါ်စာရင်းနှင့် ရုံးခန်းတွင်း ဆောင်ရွက်ချက်၊ ရုံးထိုင် ဆောင်ရွက်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ ကြော်ငြာသင်ပုန်းများတွင်လည်းကောင်း၊ ဇေယျာသီရိခရိုင် တရားရုံးကြော်ငြာ သင်ပုန်းတွင်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် www.unionsupremecourt.gov.mm တွင်လည်းကောင်း ကြည့်ရှုနိုင်ပြီး ၂၀၂၅ ခုနှစ် ဧပြီ ၂၃ ရက်မှစ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပ ရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင် တရားရုံး ဖုန်း-၀၆၇-၄၅၁၀၂၄၂ ၌ တရားခွင်များဖွင့်လှစ်ပြီး ကြားနာခြင်း၊ အမိန့်ချမှတ်ခြင်းများကို ရုံးထိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၂၄ မှ

၃။ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိခိုက်ပျက်စီးခဲ့ရသည့် အစိုးရရုံးဌာနများ၊ ပြည်သူများ၏ အိုးအိမ်နှင့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အားပေးမြှင့်တင်ခြင်းတို့ကို အားစိုက်ခွန်စိုက် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားမိဘပြည်သူများအားလုံး၏ စုပေါင်းအားဖြင့် ဆောင်ရွက်မည်ဆိုပါက ပုံမှန်အခြေအနေသို့ အမြန်ဆုံးရောက်ရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာ ဖော်ဆောင်နိုင်ရန်၊ ရေရှည်တည်တံ့ပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီ ၂၃ ရက်မှ ၃၀ ရက်အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်လိုက်သည်။

၅။ ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကို မပြုရန်နှင့် ထိုကဲ့သို့ ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့်အရေးယူ တုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး





တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့်လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာမှုကို တွေ့ရစဉ်။

❐ စာမျက်နှာ ၃ မှ

အကူအညီပစ္စည်းများ ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူသည်။

အဆိုပါ ရောက်ရှိလာသည့် ပစ္စည်းများအား တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## စက်သုံးဆီဖူလုံမှုရှိပြီး ဈေးနှုန်းများလည်း ကျဆင်းလျက်ရှိသဖြင့် အများပြည်သူ စိတ်ချမ်းသာစွာ ဝယ်ယူသုံးစွဲလျက်ရှိ

နေပြည်တော် ဧပြီ ၂၂

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးချွတ်ယွင်းခဲ့သည့် စက်သုံးဆီအရောင်းဆိုင်အချို့အား အမြန်ပြန်လည်ပြင်ဆင် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ရက်သတ္တပတ် တစ်ပတ်စာခန့် အရန်စက်သုံးဆီ ရှိသည့်အပြင် ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများလည်း အဆက်မပြတ် ဝင်ရောက်လျက်ရှိရာ ပြတ်လပ်မှုမဖြစ်နိုင်ကြောင်း၊ သို့ဖြစ်ပါ၍ စက်သုံးဆီပြတ်လပ်မှုဖြစ်ပေါ်မည်ဟု စိုးရိမ်စိတ်ဖြင့် မလိုအပ်ဘဲ တန်းစီဝယ်ယူခြင်း၊ အပိုသိုလှောင်ထားခြင်း မပြုလုပ်ကြပါရန်နှင့် လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲကြပါရန် စွမ်းအင်ဝန်ကြီးဌာနမှ အများပြည်သူသို့ မတ် ၃၀ ရက်တွင် အသိပေးနှိုးဆော်ခဲ့ကြောင်း၊ အများပြည်သူ၏ ပူးပေါင်းပါဝင်မှု၊ စက်သုံးဆီအသင်းနှင့် သိုလှောင်ကန်စခန်း၊ အရောင်းဆိုင်နှင့် ဆီဘောက်ဆာလုပ်ငန်းရှင်တို့၏ ၂၄ နာရီ အချိန်ပြည့်နားရက်မရှိ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့မှုတို့ကြောင့် စက်သုံးဆီဖြန့်ဖြူးခြင်းလုပ်ငန်းများ ပုံမှန်အခြေအနေအတိုင်း ဖြန့်ဖြူးရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် နေရာဒေသများတွင် ဆောင်ရွက်နေသည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အရောင်းဆိုင်များမှ တိုက်ရိုက်နှင့် နေရာအရောက် လုံလောက်စွာ ဖြန့်ဖြူးရောင်းချပေးခြင်း၊ ပရဟိတအသင်းအဖွဲ့များသို့ စက်သုံးဆီ လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ အရန်ဆီအနေဖြင့် နှစ်ပတ်စာခန့် သိုလှောင်ထားရှိနိုင်ပြီး အရောင်းဆိုင်များတွင် စက်သုံးဆီပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စက်သုံးဆီ ဈေးနှုန်းမှာလည်း တစ်လီတာလျှင် ငွေကျပ် ၂၀၀ မှ ငွေကျပ် ၃၀၀ ခန့်အထိ ကျဆင်းခဲ့သဖြင့် အများပြည်သူအနေဖြင့် စိတ်ချမ်းသာစွာဖြင့် ဝယ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းများ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် ရုံးတက်ရောက်၊ လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်လျက်ရှိ



ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး နှစ်သစ်ကူးအခါသမယတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၂၂

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်မှ ၁၃၈၇ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်ကုန်ဆုံးသည့် ယနေ့တွင် နိုင်ငံ့ဝန်ထမ်းများ အားလုံးသည် သက်ဆိုင်ရာရုံးဌာနများသို့ စတင်တက်ရောက်ကြပြီး နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် အင်ပြည့်အားပြည့်ဖြင့် တက်ကြွလျက်ရှိသည်။

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ဝန်ကြီးဌာန ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဌာနဆိုင်ရာရုံးများတွင် ဝန်ထမ်းအင်အားအနည်းဆုံးဖြင့် ရုံးလုပ်ငန်းများကို လုပ်ငန်းစဉ်မပျက် ဆောင်ရွက်ခဲ့ပြီး ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို တာဝန်ရှိသူများနှင့် ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းစစ်ဆေး၍ လိုအပ်သည့် ပြင်ဆင်မွမ်းမံမှုများနှင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ နေထိုင်မှု အဆင်ပြေစေရေးအတွက် မြို့နယ်၊ ရပ်ကွက်အလိုက် ယာယီတည်းခိုရေးစခန်းများ စီစဉ်ဆောင်ရွက်ပေးထားသည်။

## ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှား

ထို့အတူ ဝန်ထမ်းများ နေထိုင်စားသောက်မှု အဆင်ပြေစေရန် ယာယီ တည်းခိုရေးစခန်းများတွင် စနစ်ကျသည့် သောက်သုံးရေစနစ်၊ လျှပ်စစ်မီးစနစ်၊ ချက်ပြုတ်မှုစနစ်၊ မိလ္လာစနစ်နှင့် ကျန်းမာရေး ကြိုတင်ကာကွယ်မှုစနစ်တို့ကို စီစဉ်ဆောင်ရွက်ပေးထားရာ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများက အခက်အခဲများကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့မှုကြောင့် ယနေ့ မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်ကုန်ဆုံးသည့်နေ့တွင် နိုင်ငံ့ဝန်ထမ်းများအားလုံးသည် မိမိနေထိုင်ရာ ယာယီတည်းခိုရေးစခန်းများ၊ နေထိုင်ရာနေရာများမှ ဌာနဆိုင်ရာကြိုပို့မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာရုံးဌာနများသို့ စုံလင်စွာ တက်ရောက်လာကြပြီး သက်ဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များကို လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် စတင်ဆောင်ရွက်လျက်ရှိကြသည်။

## တာဝန်ရှိသူများတက်ရောက်

နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများအားလုံး ဝန်ထမ်းများ စုံလင်စွာ တက်ရောက်လျက်ရှိပြီး ရုံးလုပ်ငန်းများ လည်ပတ်လျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန၏ နှစ်သစ်ကူးရုံးဖွင့်ရက် ပထမနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ဝန်ကြီးရုံးရှေ့ဥပစာရှိယာယီရုံးအဆောက်အအုံ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့သည် သင်္ကြန်ရုံးပိတ်ရက်ရှည်မှ ဝန်ထမ်းများ အနားယူပြီး စိတ်သစ်၊ လူသစ်ဖြင့်စတင်ရုံးတက်သည့်နေ့ဖြစ်သကဲ့သို့ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် တုံ့နှေးသွားရသည့် ရုံးလုပ်ငန်းများ ပြန်လည်စတင်သည့်နေ့လည်းဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ပြီး အစိုးရယန္တရား ပုံမှန်လည်ပတ်မှု စတင်သည့် အချိန်ကာလလည်းဖြစ်ကြောင်း။

စာမျက်နှာ ၆ သို့



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် နှစ်သစ်ကူးအခါသမယတွင် ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နှစ်သစ်ကူးအခါသမယတွင် ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ဝန်ကြီးဌာနရှိ ဝန်ထမ်းများ ရုံးလုပ်ငန်းပုံမှန်ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး နှစ်သစ်ကူးအခါသမယတွင် ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။



အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ နှစ်သစ်ကူးအခါသမယတွင် ရုံးလုပ်ငန်းစဉ်များ ပုံမှန်လည်ပတ်လုပ်ကိုင်နိုင်ရေး ဝန်ထမ်းများကို လမ်းညွှန်မှာကြားစဉ်။



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ဝန်ကြီးဌာနရှိ ဌာနအလိုက် ဝန်ထမ်းများ ရုံးလုပ်ငန်းပုံမှန်ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





နေပြည်တော်ကောင်စီနယ်မြေ ဝန်ကြီးဌာနအသီးသီးတွင် ရုံးလုပ်ငန်းစဉ်များ ပုံမှန်လည်ပတ်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရစဉ်။



နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ရုံးတက်/ရုံးဆင်းချိန် မော်တော်ယာဉ်များ မောင်းနှင်သွားလာမှု။



နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ကြီးဌာနရုံးများ ပြန်လည်ဖွင့်လှစ်၍ ရုံးသူရုံးသားများ ရုံးသို့ လာရောက်စဉ်။

*စာမျက်နှာ ၆ မှ*

**လုပ်ငန်းမပျက်**

**ပြန်လည်လည်ပတ်**

နိုင်ငံတော် ဝန်ကြီးချုပ်က လည်း ယခုရက်မှစတင်၍လုပ်ငန်းများ ပြန်လည်စတင်လည်ပတ်ရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ သတင်းများထုတ်ပြန်ရေးနှင့်ပတ်သက်၍ အသေးစိတ်မှာကြားပြီးဖြစ်ရာ ညွှန်ကြားချက်များကို စနစ်တကျ လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် နေ့စဉ် ဝန်ထမ်းများစုံလင်စွာ တက်ရောက်ရန်အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန်၊ မိမိတို့ ရုံးနှင့် ရုံးဝန်းကျင်တွင် ယာယီဘာရာများ၊ မိုးကာတဲများ ဆောက်လုပ်၍ ဝန်ထမ်းများ နေရာချထားပေးပြီးဖြစ်ရာ မပျက်မစီးဘဲ ကျန်ရှိခဲ့သည့် ရုံးအဆောက်အအုံ၏ ပထမထပ်နှင့် ဒုတိယထပ်တို့တွင် တက်ရောက်လာသည့် ဝန်ထမ်းများကို အဆင်ပြေအောင် နေရာချထားကာ လုပ်ငန်းမပျက် ပြန်လည်လည်ပတ်အောင် စီစဉ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝန်ထမ်းများ လတ်တလော နေရာချထားပေးမှုနှင့် မိုးကာတဲများ၊ ဘာရာတဲများ ဆောက်လုပ်နေမှု အခြေအနေ၊ သွားလာနေထိုင်ရေး စီစဉ်ပေးထားမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြခဲ့ကြသည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရုံးဝန်းကျင်ဆောက်လုပ်ထားသော မိုးကာတဲများ၊ ယာယီတဲများ ဆောက်လုပ်နေမှု၊ ဆောက်လုပ်ရန် လျာထားနေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အလားတူအခြားသောဝန်ကြီးဌာနများတွင်လည်း လုပ်ငန်းစတင်ရက်ဖြစ်သည့် အားလျော်စွာ အစည်းအဝေးများကျင်းပခြင်း၊ နေရာချထားမှုများ လိုက်လံကြည့်ရှုခြင်း၊ ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုပေါင်းချုပ် (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | **၁၃၁၅၄** | ၂၇၉၅ | ၈၀၁ | ၁၄၈၂ | ၁၀၀ | ၄၄၁၄ | **၃၅၆၂** | |
| ၂ | တာပေါ်လင်/မိုးကာစ | လိပ် | **၄၂၅** | ၁၀ | ၄၁၅ | - | - | - | - | |
| | | အိတ် | **၄** | - | ၄ | - | - | - | - | |
| | | ထုပ် | **၂၀၀၁** | ၄ | ၂၅ | ၁၄၉၇ | - | ၁၁၈ | **၃၅၇** | |
| | | ဖာ | **၁၈၉** | ၁၈၉ | - | - | - | - | - | |
| | | ချပ် | **၇၇၀** | - | ၁၅၆ | ၁၂ | | ၂၇၆ | **၃၂၆** | |
| ၃ | Hygiene Kit | ခု | **၃၀၁၇** | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | **၃၂၅၆** | ၁၁၂၇ | ၁၄၄၈ | ၇၈ | ၆၀၃ | - | - | |
| ၄ | Kitchen Set | စုံ | **၂၀၆၄** | ၄၅၄ | ၆၈၈ | ၈၈၅ | ၃၇ | - | - | |
| | | ဖာ | **၆၁၈** | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | **၁၅၆** | ၃၄ | ၉၇ | ၂၃ | ၂ | | - | |
| ၆ | ရေသန့်စက် | လုံး | **၁၀၀၃** | - | ၁၀၀၃ | - | - | - | - | |
| ၇ | Sleeping Bags | ထုပ် | **၄၀၀** | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | **၁၄၄** | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | **၁၃၇** | ၇၀ | ၅၈ | ၄ | ၅ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်း | မျိုး | **၇၄** | ၁၈ | ၃၈ | ၁၇ | ၁ | - | - | |
| | | ဖာ | **၁၂၉၉၅** | ၇၀၁၁ | ၄၇၆၀ | ၁၁၀၃ | ၁၂၁ | - | - | |
| | | အိတ် | **၂၅၀** | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | **၁၀၀** | ၁၀၀ | | | | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းများ | မျိုး | **၅၃** | ၁၅ | ၂၈ | ၅ | ၄ | - | ၁ | |
| | | ဖာ | **၃၅၅၄** | ၆၃၉ | ၁၉၃၆ | ၉၁၇ | ၆၂ | - | - | |
| | | ထုပ် | **၁၄၅၁** | ၅၃၇ | ၈၁၂ | ၅၈ | ၄၄ | - | - | |
| | | ခု | **၂၂၀** | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | **၃၆** | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | **၉** | ၃ | ၄ | ၂ | - | - | - | |
| | | စုံ | **၂၀၀၀** | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်း | မျိုး | **၂** | - | ၂ | - | - | - | - | |
| | | ဖာ | **၃၁၀** | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း | မျိုး | **၁၆၁** | - | ၈ | - | ၂ | ၁၅၁ | - | |
| | | အိတ် | **၁၅၀၀၀** | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | - | - | |
| | | ဖာ | **၁၄၀၁** | ၂၆ | - | - | - | ၁၃၇၅ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | **၁၁၆** | - | - | - | - | ၁၁၆ | - | |

ဘေးသင့်ပြည်သူများအတွက် မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | |
| ၁ | စားသောက်ကုန်ပစ္စည်း | ဖာ | ၁ | - | - | - | ၁ | - | |
| ၂ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၂ | - | - | - | ၂ | - | |

ဘေးသင့်ပြည်သူများအတွက် အင်ဒိုနီးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | |
| ၁ | မိုးကာတဲ | လုံး | ၃၀၅ | - | - | ၃၀၅ | - | - | |
| ၂ | တာပေါ်လင် | ထုပ် | ၁၅၁၆ | - | ၂၀ | ၁၄၉၆ | - | - | |
| ၃ | Kitchen Set | ဖာ | ၄၅၀ | ၉၆ | ၃၃၆ | ၁၀ | ၈ | - | |
| ၄ | မီးစက် | လုံး | ၁၀၅ | ၂၄ | ၅၆ | ၂၃ | ၂ | - | |
| ၅ | Sleeping Bags | ခု | ၃၀ | ၁ | ၂၇ | ၁ | ၁ | - | |
| ၆ | စားသောက်ကုန်ပစ္စည်း | ဖာ | ၃၂၈၆ | - | ၂၃၃၀ | ၉၅၆ | - | - | |
| ၇ | လူသုံးကုန်ပစ္စည်းများ | ဖာ | ၁၉၁၃ | - | ၁၀၄၆ | ၈၆၇ | - | - | |
| ၈ | အိမ်သုံးပစ္စည်း | ဖာ | ၉ | ၃ | ၄ | ၂ | - | - | |
| ၉ | လျှပ်စစ်ပစ္စည်း | ဖာ | ၇၉ | ၂၆ | ၄၈ | ၃ | ၂ | - | |

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

ဘေးသင့်ပြည်သူများအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၇၅ | ၂၅ | - | - | ၅၀ | - | - | |
| ၂ | တာပေါ်လင် | လိပ် | ၁၀ | ၁၀ | - | - | - | - | - | |
| ၃ | စားသောက်ကုန်ပစ္စည်း | မျိုး | ၅ | ၂ | ၁ | ၁ | ၁ | - | - | |
| ၄ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၆ | ၁ | ၅ | - | - | - | - | |
| ၅ | ဆေးနှင့် ဆေးပစ္စည်း | ဖာ | ၁၂၅ | - | - | - | - | ၁၂၅ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| | | မျိုး | ၁ | - | ၁ | - | - | - | - | |

ဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၆၉၀၆ | ၂၅၉၀ | ၂၀၀ | ၉၇၇ | ၅၀ | ၂၈၃၀ | ၂၅၉ | နေပြည်တော် ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| ၂ | Sleeping Bags | ထုပ် | ၄၀၀ | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ဖာ | ၁၀၅ | ၃၈ | ၅၈ | ၄ | ၅ | - | - | |
| | | ခု | ၈၄ | ၃၁ | ၄၇ | ၂ | ၄ | - | - | |
| ၃ | စားသောက်ကုန်ပစ္စည်း | မျိုး | ၈ | ၆ | ၂ | - | - | - | - | |
| | | ဖာ | ၃၃၇ | ၃၃၇ | - | - | - | - | - | |
| ၄ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၂၇ | ၉ | ၁၂ | ၄ | ၂ | - | - | |
| | | ထုပ် | ၁၁၅၂ | ၄၂၆ | ၆၄၅ | ၄၆ | ၃၅ | - | - | |
| | | ဖာ | ၁၄၁၅ | ၅၂၃ | ၇၉၂ | ၄၃ | ၅၇ | | - | |
| | | ခု | ၂၂၀ | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၅ | ဆေးနှင့် ဆေးပစ္စည်း | မျိုး | ၃၃ | - | - | - | ၂ | ၃၁ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| | | အိတ် | ၁၅၀၀၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | - | - | |

ဘေးသင့်ပြည်သူများအတွက် Singapore Red Cross Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | လျှပ်စစ်ပစ္စည်း | ဖာ | ၂၀၅ | ၈၀ | ၁၂၀ | ၉ | ၆ | - | - | |

ဘေးသင့်ပြည်သူများအတွက် ဘယ်လာရုစ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၁၅ | - | - | - | - | - | ၁၅ | နေပြည်တော် ဝန်ကြီးဌာန/အဖွဲ့အစည်း များသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| ၂ | စားသောက်ကုန်ပစ္စည်း | ဖာ | ၈၁၅ | ၃၀၂ | ၄၅၆ | ၃၃ | ၂၄ | - | - | |
| ၃ | လူသုံးကုန်ပစ္စည်းများ | ထုပ် | ၂၉၉ | ၁၁၁ | ၁၆၇ | ၁၂ | ၉ | - | - | |

ဘေးသင့်ပြည်သူများအတွက် လာအိုနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်း | အိတ် | ၂၅၀ | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |

ဘေးသင့်ပြည်သူများအတွက် ပါကစ္စတန်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၈၅၀ | - | ၆၁ | ၂၀၀ | - | ၅၈၉ | - | နေပြည်တော် ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| ၂ | စားသောက်ကုန်ပစ္စည်း | မျိုး | ၃ | ၁ | ၁ | ၁ | - | - | - | |
| ၃ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၃ | ၁ | ၁ | - | - | - | ၁ | ဆက်လက်ဖြန့်ခွဲပါမည်။ |
| ၄ | ဆေးနှင့်ဆေးပစ္စည်း | မျိုး | ၁ | - | - | - | - | ၁ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

ဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၃၀၀ | ၁၈၀ | - | - | - | ၁၄ | ၁၀၆ | နေပြည်တော် ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ဖြန့်ခွဲရန် ဖြစ်ပါသည်။ |

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၂ | မီးစက် | လုံး | ၁၀ | ၁၀ | - | - | - | - | - | |
| ၃ | စားသောက်ကုန်ပစ္စည်း | မျိုး | ၈ | ၈ | - | - | - | - | - | |
| ၄ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၂ | ၂ | - | - | - | - | - | |
| ၅ | အိမ်သုံးပစ္စည်း | စုံ | ၂၀၀၀ | ၂၀၀၀ | - | - | - | - | - | |
| ၆ | လျှပ်စစ်ပစ္စည်း | မျိုး | ၂ | - | ၂ | - | - | - | - | |

ဘေးသင့်ပြည်သူများအတွက် ဘရူနိုင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | Hygiene Kit | ဖာ | ၅၀၀ | - | | - | ၅၀၀ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်း | မျိုး | ၁ | - | | - | ၁ | - | - | |

ဘေးသင့်ပြည်သူများအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၃၆၀ | - | ၃၆၀ | - | - | - | - | မန္တလေး (တံတားဦး) လေဆိပ်သို့ ရောက်ရှိပါသည်။ |
| ၂ | တာပေါ်လင် | လိပ် | ၄၁၅ | - | ၄၁၅ | - | - | - | - | |
| ၃ | မီးစက် | လုံး | ၃၆ | - | ၃၆ | - | - | - | - | |
| ၄ | စားသောက်ကုန်ပစ္စည်း | မျိုး | ၃ | - | ၃ | - | - | - | - | |
| ၅ | လူသုံးကုန်ပစ္စည်း | မျိုး | ၃ | | ၃ | | | | - | |
| ၆ | အိမ်သုံးပစ္စည်း | မျိုး | ၂ | - | ၂ | - | - | - | - | |

ဘေးသင့်ပြည်သူများအတွက် အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | | | |
| ၁ | မိုးကာတဲ | လုံး | ၁၀၀ | - | ၁၀၀ | - | - | - | မိုးကာတဲ ၁၀၀ လုံး၊ တာပေါ်လင် ၄ အိတ်၊ ရေသန့်စက် ၁၀၀၃ လုံး၊ မီးစက် ၅ လုံး၊ စားသောက်ကုန် ပစ္စည်း ၁ မျိုး၊ လူသုံးကုန် ပစ္စည်း ၃ မျိုး၊ ဆေးနှင့် ဆေးပစ္စည်း ၇ မျိုး တို့သည် မန္တလေး (တံတားဦး) လေဆိပ်သို့ ရောက်ရှိပါသည်။ |
| ၂ | တာပေါ်လင် | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | |
| | | အိတ် | ၄ | - | ၄ | - | - | - | |
| ၃ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | |
| ၄ | မီးစက် | လုံး | ၅ | - | ၅ | - | - | - | |
| ၅ | Hygiene Kit | ဖာ | ၁၇၀ | ၁၇၀ | - | - | - | - | |
| ၆ | Kitchen Set | ဖာ | ၇၀ | ၇၀ | - | - | - | - | |
| ၇ | Sleeping Bags | ဖာ | ၃၂ | ၃၂ | - | - | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်း | ဖာ | ၂၀၈ | ၂၀၈ | - | - | - | - | |
| | | မျိုး | ၄၆ | ၁ | ၃၀ | ၁၅ | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းများ | ဖာ | ၅၁ | ၅၁ | - | - | - | - | |
| | | မျိုး | ၃ | - | ၃ | - | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၂၆ | - | ၁၆ | ၁၀ | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်း | ဖာ | ၁၆ | ၁၆ | - | - | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း | ဖာ | ၂၆ | ၂၆ | - | - | - | - | |
| | | မျိုး | ၁၂၆ | - | ၇ | - | ၁၁၉ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | ၁၁၆ | - | |

ဘေးသင့်ပြည်သူများအတွက် UAE နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၅၅၈ | - | ၃၀ | - | - | ၂၄၃ | ၂၈၅ | နေပြည်တော်ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| ၂ | စားသောက်ကုန်ပစ္စည်း | ဖာ | ၉၆၀ | ၂၄၄ | ၆၇၀ | ၂၀ | ၂၆ | - | - | |
| ၃ | ဆေးနှင့်ဆေးပစ္စည်း | ဖာ | ၁၂၅၀ | - | - | - | - | ၁၂၅၀ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

ဘေးသင့်ပြည်သူများအတွက် ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၂၉၆၅ | - | ၅၀ | - | - | ၁၈၈ | ၂၇၂၇ | နေပြည်တော်ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| ၂ | တာပေါ်လင်/မိုးကာစ | ထုပ် | ၂၃၅ | - | - | - | - | ၁၁၈ | ၁၁၇ | |
| ၃ | Sleeping Bags | ခု | ၃၀ | ၃၀ | - | - | - | - | - | |
| ၄ | စားသောက်ကုန် | ဖာ | ၇၃၇၈ | ၅၉၁၆ | ၁၂၉၉ | ၉၃ | ၇၀ | - | - | |
| | | မျိုး | ၁ | - | ၁ | - | - | - | - | |
| ၅ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၁ | - | ၁ | - | - | - | - | |

စာမျက်နှာ ၁၀ သို့



အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ် သင်တန်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းမြို့ ပမ္မဝတီရေတပ်စခန်းဌာနချုပ်၌ ရေကြောင်းလူငယ်အခြေခံ၊ တန်းမြင့်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



ဧရာဝတီရေတပ်စခန်းဌာနချုပ် ရေကြောင်းလူငယ်အခြေခံ၊ တန်းမြင့်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။



ရန်ကုန်သင်တန်းစခန်း၌ အခြေခံလေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

▼ **စာမျက်နှာ ၂၄ မှ**

ပင်လယ်ရေကြောင်းပညာများကို စိတ်ပါဝင်စားပြီး နိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သော လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍအရေးပါကြောင်း လူငယ်များသိရှိနားလည်စေရန်၊ လေ့လျှော်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့် အားကစားသမားများ မွေးထုတ်ပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ် အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့်ရေကြောင်း လူငယ်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) တို့ကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ ယနေ့ နံနက်ပိုင်းတွင် တစ်ချိန်တည်းဖွင့်လှစ်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီးကျွန်းမြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဟိန်းဇဲဒေသ၊ မြိတ်မြို့နှင့် ကျွန်းစုမြို့၊ ကရင်ပြည်နယ်တွင် ဘားအံမြို့နှင့် ရှမ်းပြည်နယ်တွင် ကျိုင်းတုံမြို့တို့ရှိ ရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၈၀၀ တို့ဖြင့် အသီးသီး ဖွင့်လှစ်ကြပြီး အဆိုပါသင်တန်းဖွင့်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ *စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၉ မှ*

ဘေးသင့်ပြည်သူများအတွက် AHA Centre မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၄၅၀ | - | - | - | - | ၄၅၀ | - | |
| ၂ | တာပေါ်လင်/မိုးကာစ | ချပ် | ၇၇၀ | - | ၁၅၆ | ၁၂ | - | ၂၇၆ | ၃၂၆ | နေပြည်တော်ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| | | ထုပ် | ၂၅၀ | ၄ | ၅ | ၁ | - | - | ၂၄၀ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၂၅၈၆ | ၉၅၇ | ၁၄၄၈ | ၇၈ | ၁၀၃ | - | - | |
| ၄ | Kitchen Set | စုံ | ၂၀၆၄ | ၄၅၄ | ၆၈၈ | ၈၈၅ | ၃၇ | - | - | |
| ၅ | လူသုံးကုန်ပစ္စည်းများ | ဖာ | ၁၇၅ | ၆၅ | ၉၈ | ၇ | ၅ | - | - | |

ဘေးသင့်ပြည်သူများအတွက် နီပေါနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီး ဌာန | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ | လုံး | ၂၇၀ | - | - | - | - | ၁၀၀ | ၁၇၀ | နေပြည်တော်ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ ဖြန့်ခွဲရန် ဖြစ်ပါသည်။ |
| ၂ | Kitchen Set | ဖာ | ၉၈ | ၃၆ | ၅၅ | ၃ | ၄ | - | - | |
| ၃ | စားသောက်ကုန်ပစ္စည်း | ဖာ | ၁၁ | ၄ | ၅ | ၁ | ၁ | - | - | |
| ၄ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| ၅ | အိမ်သုံးပစ္စည်း | မျိုး | ၈ | ၃ | ၃ | ၁ | ၁ | - | - | |



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အခြေခံလေကြောင်းလူငယ်သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဧရာဝတီတိုင်းဒေသကြီး... 



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ငူသင်တန်းစခန်း၌ အခြေခံလေကြောင်းလူငယ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နမ့်စန်လေတပ်စခန်း၌ အခြေခံလေကြောင်းလူငယ်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

*စာမျက်နှာ ၁၀ မှ*

တိုင်းမှူးများ၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် တပ်မတော်(ရေ)သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြ ဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းစခန်း ၁၁ ခုမှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းစတုတ္ထပတ်၌ ရန်ကုန်မြို့တွင် စုစည်း၍ စခန်းပေါင်းစုံတွေ့ဆုံပွဲ၊ ဘာသာရပ်ဆိုင်ရာ စွမ်းရည်ပြိုင်ပွဲများလည်း ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် လေ့လာရေးခရီးစဉ်များအဖြစ် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ အထင်ကရနေရာများ၊ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ လေ့လာရေးနှင့် စစ်ရေယာဉ်လေ့လာရေးများအပြင် ရန်ကုန်မြစ်ဝသို့ ရေလမ်းကြောင်းလေ့လာရေးခရီးစဉ် ပို့ဆောင်ခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ကို မေ ၂၃ ရက်အထိ ရက်သတ္တ ငါးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသင်တန်းများကို ၁၉၅၉ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အထိ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၇၅၀ တို့အား ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့်အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှု တိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သောပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်နှင့် လူငယ်များ၏ ဝါသနာပါရာ လေ့ကျင့်မှုအနေဖြင့် မြှင့်တင်ပေးရန်၊ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ယုံကြည်ချက်၊ ခံယူချက်မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သင်တန်းစခန်း အပါအဝင် သင်တန်းစခန်း ၁၅ ခု၌ ကျင်းပသည်။

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) နေပြည်တော်သင်တန်းစခန်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စစ်ဦးစီးအရာရှိချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခြေခံလေကြောင်း လူငယ်သင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေကြောင်းလူငယ်သမိုင်း၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရား၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်းနှင့် အခြေခံစစ်ရေးပြ (လက်နက်မဲ့) ဘာသာရပ်များ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ တန်းမြင့်လေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းဆိုင်ရာအခြေခံဗဟုသုတ၊ Airfield Procedure၊ RC လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ (လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းကြောင်းဘာသာရပ်များ ထည့်သွင်းပို့ချပေးသွားမည်ဖြစ်ပြီး တပ်မတော်(လေ)တွင်ရှိသောပျံသန်းရေးအုပ်များ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် သင်တန်းစခန်းများအလိုက် ထူးချွန်သင်တန်းသားများအား အမောင်းသင်လေယာဉ်၊ ရဟတ်ယာဉ်များကို နည်းပြဆရာများနှင့်အတူ ကိုယ်တိုင် လိုက်ပါမောင်းနှင်ပျံသန်းခွင့်ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ နေပြည်တော်ကောင်စီနယ်မြေ၌ စုဖွဲ့ချိန်တွင်လည်း အခြေခံလေကြောင်းလူငယ်သင်တန်းသားများအား အခြေခံစစ်ရေးပြ(လက်နက်မဲ့) ပြိုင်ပွဲ၊ RC Simulator နှင့် RC လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ပြီး တန်းမြင့်လေကြောင်းလူငယ်သင်တန်းသားများအား အခြေခံစစ်ရေးပြ (လက်နက်ပါ)ပြိုင်ပွဲ၊ Flight Simulator နှင့် RC လေယာဉ်၊ ရဟတ်ယာဉ် မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်သည်။

သင်တန်းကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များကို လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး တပ်မတော်လေယာဉ်နှင့် တပ်မတော်စစ်ရေယာဉ်များကိုပါ လိုက်ပါစီးနင်းခွင့်ရရှိအောင်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်၍ သင်တန်းသားများအနေဖြင့် အတွေ့အကြုံအသစ်များ ဗဟုသုတအသစ်များ ရရှိမည် ဖြစ်သည်။

ထို့နောက် စစ်ဦးစီးအရာရှိချုပ်(လေ)နှင့် တာဝန်ရှိသူများက သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် တပ်မတော် (လေ) ပြကွက်များကို လှည့်လည်ကြည့်ရှုပြီး စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်ကြသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် မြန်မာပြည် မြောက်ပိုင်းသင်တန်းစခန်းနှင့် မိတ္ထီလာသင်တန်းစခန်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့တွင် မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ မင်္ဂလာဒုံမြို့တွင် ရန်ကုန်သင်တန်းစခန်း၊ ကိုကိုးကျွန်းမြို့တွင် ကိုကိုးကျွန်းသင်တန်းစခန်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မော်လမြိုင်သင်တန်းစခန်း၊ ရှမ်းပြည်နယ် နမ့်စန်မြို့တွင် နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးမြို့တွင် တောင်ကြီးသင်တန်းစခန်း၊ ကျိုင်းတုံမြို့တွင် ကျိုင်းတုံသင်တန်းစခန်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တောင်ငူသင်တန်းစခန်း၊ ပြည်မြို့တွင် ပြည်သင်တန်းစခန်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြိတ်သင်တန်းစခန်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မကွေးသင်တန်းစခန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပုသိမ်သင်တန်းစခန်းတို့အား တစ်ပြိုင်နက်တည်း ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းများအား ၂၀၂၅ ခုနှစ် ဧပြီ ၂၂ ရက်မှ မေ ၂၃ ရက် အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာတောင်ကန် ပြုပြင်ဆောင်ရွက်နေမှု၊ ရမည်းသင်းခရိုင်အတွင်း ပျက်စီးဆုံးရှုံးမှုများနှင့် ဖယ်ရှားရှင်းလင်း ဆောင်ရွက်နေမှုတို့အား ကွင်းဆင်းကြည့်ရှု၊ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**မန္တလေး ဧပြီ ၂၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုး အောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက မန္တလေးငလျင် ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ သည့် မိတ္ထီလာတောင်ကန် ပြန် လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင် ရွက်ပြီးစီးမှုအခြေအနေ၊ ရမည်း သင်းခရိုင်အတွင်း ထိခိုက်ပျက်စီး ခဲ့မှုနှင့် ဖယ်ရှားရှင်းလင်းဆောင် ရွက်နေမှုအခြေအနေတို့အား ကွင်းဆင်းကြည့်ရှုပြီး ငလျင်ဘေး ဒဏ်သင့်ခံခဲ့ရသည့် ဘုန်းတော် ကြီးကျောင်းတိုက်များမှ ဆရာ တော်၊ သံဃာတော်များအား ဆွမ်းဆန်တော် စသည့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်း ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာ ခရိုင်၊ မိတ္ထီလာမြို့ရှိ မန္တလေး ငလျင်ကြီးကြောင့် ထိခိုက် ပျက်စီးခဲ့သည့် မိတ္ထီလာတောင် ကန်သို့ ရောက်ရှိပြီး တာဝန်ရှိ သူများက မိတ္ထီလာတောင်ကန် ပြန်လည်ပြုပြင်လုပ်ငန်း ဆောင် ရွက်ပြီးစီးမှု၊ ငလျင်၏ သက် ရောက်မှုကြောင့် မိတ္ထီလာတောင် ကန် ကန်ပေါင်ထိခိုက်မှုအပေါ် စောင့်ကြည့်မှု၊ ပြန်လည်ပြုပြင် မြေဖို့ခြင်း၊ ဆက်လက်ဆောင်ရွက် မည့်လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အရည်အသွေးသတ်မှတ်စံချိန် စံညွှန်းပြည့်မီစွာဖြင့် လုပ်ငန်းများ အမြန်ဆုံးပြီးမြောက်ရေး အလေး ထားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိ နှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ လိုက်လံကြည့်ရှုခဲ့သည်။

ငင်းနောက် မိတ္ထီလာမြို့နယ် ဇောင်ချမ်းကုန်းအုပ်စုရှိ နွေနှမ်း ဇက(၁၀၀) စိုက်ခင်းသို့သွား ရောက်ပြီး တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးဖြစ်ထွန်းအောင် မြင်နေမှုများကို ကြည့်ရှုပြီး တိုင်း ဒေသကြီးဝန်ကြီးချုပ်က တာဝန် ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ရမည်းသင်း ခရိုင်၊ ရမည်းသင်းမြို့၊ လက်ဆည် ကန်ကျေးရွာရှိ ရန်ကြီးအောင် ကျောင်းတိုက်၊ ခေမာရာမ ရွှေဂူဝံ ကျောင်းသို့သွားရောက်ပြီး မြို့ နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အား ဖူးမြော်ကာ သြဝါဒများခံယူ၍ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်း ဆန်တော်အစရှိသည့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်း ခဲ့သည်။

ငင်းနောက် ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီးသို့သွားရောက် ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက် ဒဏ်ရာရရှိ၍ ဆေးဝါးကုသမှုခံယူ နေသူများနှင့် ဆေးရုံတက်ရောက် ကုသနေသည့် လူနာများအား တွေ့ဆုံ၍ အားပေးစကားများပြော ကြားပြီး အာဟာရဖြည့်စွက်စာ များနှင့် ထောက်ပံ့ငွေများ ပေး အပ်ပြီးနောက် ဆေးရုံအတွင်း ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက် အုံများ၊ ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုပြီး ဝန်ထမ်းများ နှင့် မိသားစုဝင်များကို အားပေး စကားများပြောကြားပြီး လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နည်းပညာ တက္ကသိုလ်(ရမည်းသင်း)သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခ ချုပ်က အဆောက်အအုံများ၊ စာသင်ဆောင်များ ထိခိုက်ပျက်စီး ခဲ့မှုများ၊ ရုံးလုပ်ငန်းများလည်ပတ် နေမှုများ၊ ကျောင်းဖွင့်အမီ ဆောင် ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများ ပညာသင်နှစ်နောက်မကျစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပညာသင်ကြားနိုင်ရေး အလေး ထားကာ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါ ကြောင်း ပြောကြားပြီး လိုအပ် သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ လိုက်လံ ကြည့်ရှုခဲ့သည်။

ငင်းနောက် ဝါတိုးရပ်ကွက်ရှိ သီလဝခန်းမသို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီး ခဲ့မှုအခြေအနေများကို ကြည့်ရှုပြီး အမြန်ဆုံးပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ သည်။

ဆက်လက်၍ ရန်အောင်မြင် ဘုရားသို့ သွားရောက်ပြီး ငလျင် ဘေးဒဏ်ကြောင့် သာသနိက အဆောက်အအုံများ၊ ဘုရား၊ စေတီ၊ ပုထိုးများ ထိခိုက်ပျက်စီး ခဲ့မှုများနှင့် ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံ ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငင်းနောက် ပျော်ဘွယ်မြို့ နယ်၊ မင်းလမ်း(တောင်)ကျေးရွာ ရှိ သာသနာ့ဝေပုလ္လကျောင်း သို့သွားရောက်ပြီး ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော်ကြီးအား ဖူးမြော်၍ ငလျင်ဒဏ်သင့်ခံခဲ့ ရသည့် ဆရာတော်၊ သံဃာတော် များအတွက် ဆွမ်း၊ ဆန်တော် အစရှိသည့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး မန္တလေး ငလျင်ကြီးကြောင့် မြေသား ကွဲအက်ခဲ့မှုနှင့် ရွေ့လျားခဲ့မှု၊ သာသနိကအဆောက်အအုံများ၊ စေတီ၊ ပုထိုးများ ထိခိုက်ပျက်စီး ခဲ့မှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့် ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မတ် ၂၈ ရက် မွန်းလွဲပိုင်းက အင်အား ရစ်(ချ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်း ထန်သော မန္တလေးငလျင်ကြီး လှုပ်ရှားသွားမှုကြောင့် ပျော်ဘွယ် မြို့နယ်၊ ရန်ကုန်-မန္တလေး လမ်းဟောင်း၊ မိုင်တိုင်အမှတ်(၂၈၃/၄) အနီး မင်းလမ်းကျေးရွာအုပ်စု၊ မင်းလမ်း(တောင်)ကျေးရွာရှိ ဦးဌေးလွင် ပိုင်ဆိုင်သော မြေကွက် အတွင်း မြေသားအက်ကွဲကြောင်း ဖြစ်ပေါ်ပြီး နှစ်ခြမ်းကွဲသွားသော ထန်းပင်အား သွားရောက်ကြည့်ရှု ကာ တာဝန်ရှိသူများအား ပြယုဂ် အမှတ်အသားတစ်ခုအဖြစ် ထားရှိသွားနိုင်ရေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ငင်းနောက် မန္တလေးငလျင် ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီး ခဲ့သည့် ဝဏ္ဏကျော်ထင် အမေထိန်း ခန်းမနေရာသို့ သွားရောက် ကြည့်ရှုပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တာဝန်ရှိသူ များက ခန်းမဆိုင်ရာအချက် အလက်များ၊ ပြိုကျပျက်စီးခဲ့မှု၊ အပျက်အစီးများအား ဖယ်ရှား ရှင်းလင်းဆောင်ရွက်ထားရှိမှုနှင့် ပြန်လည်တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေ အနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပျော်ဘွယ် မြို့နယ်ရှိ ကမ္ဘောဇဘဏ် ၅ ထပ်အဆောက်အအုံ ပြိုကျ ပျက်စီးခဲ့မှုနှင့် အပျက်အစီးများ အား ဖယ်ရှားရှင်းလင်း ဆောင် ရွက်ထားရှိမှုကို သွားရောက် ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀







သတင်း-စာမျက်နှာ ၁၂

















သတင်း-စာမျက်နှာ ၁၂

















သတင်း စာမျက်နှာ ၁၂









## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ရန်ကုန်မြို့မှ လှူဒါန်းသည့် အလှူငွေကျပ်သိန်းတစ်ရာကို လက်ခံ၊ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**မန္တလေး ဧပြီ ၂၂**

မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်ခံရသော ပြည်သူများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) "ရန်ကုန်မြို့မှ လှူဒါန်းသည့် အလှူငွေကျပ် သိန်းတစ်ရာတိတိကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး အတွင်းရှိ ကွပ်ကဲရေးရုံး၌ လာရောက်လှူဒါန်းရာ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း က လက်ခံရယူပြီး ကျေးဇူးတင် စကားပြောကြားကာ ဂုဏ်ပြုမှတ် တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ သည်။

အလှူငွေပေးအပ်ပွဲသို့ မန္တလေး မြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးဝင်း မောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းနှင့် ကော်မတီဝင် များ တက်ရောက်ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**






## ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ရုံးသစ်ဖွင့်ပွဲအခမ်းအနားနှင့် ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်

**တာလေ ဧပြီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့၊ နားယောင်းကျေးရွာအုပ်စု၊ ကိုယ့်အားကိုယ်ကိုး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ရုံးသစ်ဖွင့်ပွဲ အခမ်းအနားနှင့် မန္တလေးတိုင်း ဒေသကြီးအတွင်း ငလျင်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေများ ပေးအပ်ခြင်း၊ အလှူငွေများ ထည့်ဝင်သူများအား ဂုဏ်ပြုမှတ်တမ်း လွှာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံး၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာမျိုး၊ မြို့အုပ်ချုပ်ရေးမှူး ဦးလင်းလင်း အောင်၊ မေတ္တာရှင်လူမှုကူညီရေး အသင်းဥက္ကဋ္ဌ ဦးဘိုစံ၊ ဦးဘိုလေး၊ ဦးကျပေါနှင့် နားယောင်းကျေး ရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ထန်တို့က အဆိုပါရုံးသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဌာန ဆိုင်ရာဝန်ထမ်းများ၊ မြို့မိ၊ မြို့ဖ များ၊ လုပ်ငန်းရှင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက လှူဒါန်းသည့် အလှူငွေကျပ် ၁၀,၁၆၀,၀၀၀ နှင့် ဘတ် ၆၇,၀၀၀ ကို မြို့အုပ်ချုပ်ရေးမှူးက ခရိုင် အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်း သည်။

ထို့နောက် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ် ချုပ်ရေးမှူး၊ ဒုတိယခရိုင်အုပ်ချုပ် ရေးမှူး ဦးသက်ဦးဆွေ၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် နားယောင်း ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးတို့ က မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့ သည့် ငလျင်ဒဏ်ကြောင့် ထိခိုက် ခံစားခဲ့ရသော မန္တလေးတိုင်းဒေသ ကြီးအတွက် အလှူငွေထည့်ဝင်သူ များအား ဂုဏ်ပြုမှတ်တမ်းလွှာ များကို အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ ပြီးနောက် အဆိုပါရုံးသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၂) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၂)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

(၁)ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုတာကတော့ နိုင်ငံအတွက် မဖြစ်မနေ ထမ်းဆောင်သင့်တဲ့ သတ်မှတ်ပေးထားတဲ့အတွက်ကြောင့် နိုင်ငံအတွက် မဖြစ်မနေ ထမ်းဆောင်သင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ သင်တန်းပြီးသွားတဲ့ကာလ ကျွန်တော်တို့အတွက် အကျိုးအမြတ် အများကြီးရှိမှာပါ။ ကျွန်တော်တို့ လူငယ်အများစုက လွတ်လွတ်လပ်လပ် နေကြရတယ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပိတ်မိနေတာ အများကြီးရှိပါတယ်။ အဲဒီအတွက်ကြောင့် တပ်ထဲရောက်လာတဲ့အခါ စည်းမျဉ်းစည်းကမ်းတွေ၊ လူမှုဘဝနေထိုင်မှုနဲ့ ပတ်သက်တဲ့အရာတွေ သင်ယူပြီးသားဖြစ်သွားမှာဖြစ်တဲ့အတွက် လုပ်ငန်းပိုင်းရော လူမှုဆက်ဆံရေးပါ အများကြီးအဆင်ပြေ တိုးတက်သွားလိမ့်မယ်လို့ ထင်ပါတယ်။ သင်တန်းကာလမှာ ကျွန်တော်တို့ကြုံခဲ့ရတာတွေနဲ့ အပြင်မှာကြားနေရတဲ့ဟာတွေက ဆိုရှယ်မီဒီယာပေါ်မှာမြင်နေရတဲ့ဟာတွေနဲ့တခြားဆီပဲမို့ ကြောက်စရာမကောင်းတာမို့ သိပ်ပြီးခေါင်းထဲမှာ pressure မများပါနဲ့၊ အကယ်၍ ကိုယ်တာဝန်ကျတာပဲဖြစ်ဖြစ်၊ ကိုယ့်အသိစိတ်နဲ့ပဲဖြစ်ဖြစ် ဝင်လာမယ်ဆိုရင် ကိုယ့်ရှေ့က လူတွေကလည်း အများကြီးကြိုဆိုနေမှာ ဖြစ်တဲ့အတွက် ရဲရဲကြီးဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။

(၂)နိုင်ငံသားတစ်ယောက်ဖြစ်လာတဲ့အတွက် ဒီနိုင်ငံကချမှတ်ထားတဲ့ဥပဒေကိုလေးစားလိုက်နာဖို့လည်းလိုအပ်တယ်။ အဲဒီအတွက် ကျွန်တော်က ပြည်သူ့စစ်မှုထမ်းဥပဒေထဲမှာ ကျွန်တော်လည်း အသက်အကန့်အသတ်ထဲမှာ ပါဝင်တဲ့ လူတစ်ယောက်ဖြစ်တဲ့အတွက် နိုင်ငံသားတာဝန်ကျေပွန်ဖို့အတွက် စစ်မှုထမ်းဝင်ရောက်လာခြင်း ဖြစ်ပါတယ်။ ရှေ့လျှောက်ပြီး သင်တန်းကာလပြီးသွားတဲ့ အခါမှာ ကိုယ်တာဝန်ထမ်းဆောင်ရမယ့် မိခင်တပ်ရင်းကို ရောက်တဲ့အခါမှာလည်း တပ်မတော်ကပေးအပ်တဲ့ တာဝန်တွေနဲ့ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်သွားဖို့ ဆုံးဖြတ်ချက်ချထားပါတယ်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



(၁) ပြည်သူ့စစ်မှုထမ်း သင်တန်းသားတစ်ဦး



(၂) ပြည်သူ့စစ်မှုထမ်း သင်တန်းသားတစ်ဦး





တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂)သင်တန်းမှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။





တိုင်းစစ်ဌာနချုပ်များ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂)သင်တန်းဖွင့်ပွဲများ ကျင်းပစဉ်။

# လျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၂

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေး အသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက် ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်မြတ်စွာဘုရား၏ ဓမ္မာဒူတရောင်ခြည် ဓမ္မာရုံ၌ လေးကျွန်းမာရ်အောင် မြတ်စွာဘုရားကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော ဆရာတော်များထံမှ ဆုံးမဩဝါဒစကား ခံယူကြသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ ကျေးလက်ကျန်းမာရေးဆေးခန်း၊ နန်းစုရပ်ကွက်ရှိ လူနေအဆောက်အအုံများ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ဓာတ်ပေါင်းစေတီကျောင်းတိုက်၊ မင်းလမ်းရပ်ကွက်ရှိ ရတနာဒီမာန် ထူပါရုံ ရွှေကျောင်းတိုက်၊ တကောင်းရပ်ကွက်ရှိ မဟာစေတီနှင့် နန်းဦးမြို့သစ်ရှိ မရှိခဏစေတီတို့၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကို လည်းကောင်း၊ တကောင်းရပ်ကွက်ရှိ စကုမှော် ငလျင်ဒဏ်သင့် ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ သွားရောက်၍ ကျန်းမာရေးဆိုင်ရာများနှင့် စည်းကမ်းစနစ်တကျရှိစေရေးအတွက်လည်းကောင်း၊ စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီ၊ ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်၊ ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရှိ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေမှုများကို လည်းကောင်း၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင် စေတီတော်နှင့် ဥမင်သုံးဆယ်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများနှင့်အရန်စေတီများ၏ အပျက်အစီးများအား ရှင်းလင်းနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် သံပုဏ္ဏာရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း၌ ငလျင်ဒဏ်သင့် ရဟန်း၊ သံဃာ၊ သီလရှင်၊ ပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ငလျင်ဒဏ်သင့်နေရာများရှိ ဆောင်ရွက်ရန်ကျန် အဆောက်အအုံ အပျက်အစီးများ စနစ်တကျစစ်ဆေး အဆင့်သတ်မှတ်ချက်အရောင်များ ခွဲခြားသတ်မှတ်၍ အမြန်ဆုံးဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်တို့ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ မရှိခဏစေတီတော်နှင့် ထူပါရုံရွှေကျောင်းတိုက်တို့တွင် အပျက်အစီးများအား ကူညီကယ်ဆယ်ရေးအဖွဲ့များ ရှင်းလင်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်တို့သည် မန္တလေးနန်းမြို့တွင်းရှိ နန်းမြို့ ဆုတောင်းပြည့်ဘုရားနှင့် နန်းမြို့ရိုးပတ်လည်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ရှင်းလင်းဖယ်ရှားပြီး ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်းတို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်း နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများနှင့် အခြားလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၊ အမရပူရမြို့နယ်ရှိ တောင်မင်းကြီးမြတ်စွာဘုရားနှင့် ဦးပိန်တံတား နေရာတို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီး ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စဉ့်ကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(စွန်ရဲ)နှင့် အခြေခံပညာအထက်တန်းကျောင်း(ဘဲလင်း)တို့သို့ သွားရောက်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် မြို့မိမြို့ဖများ စုပေါင်း၍ ပြိုကျပျက်စီးသွားသော အပျက်အစီးများကို ဖယ်ရှား ရှင်းလင်းနေမှုများ၊ ကျောင်းအတွင်း/ အပြင်သန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး အချိုရည်နှင့် ရေသန့်ကတ်များ ပေးအပ်သည်။

ထို့နောက် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မြစ်သားမြို့နယ် တောင်တော်ကွင်းရှိ Green Power Energy မှ ဆိုလာပိုင်များ ထိခိုက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပြတ်တောက်သွားခဲ့ရာမှ ယခုအခါ ပြန်လည်ပြင်ဆင်ပြီး ဆိုလာလျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် အမရပူရမြို့နယ်ရှိ တောင်မင်းကြီးမြတ်စွာဘုရားအတွင်းရှိ နေရာများတွင် အပျက်အစီးများအား တပ်မတော်သားများ ပူးပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီး သန့်ရှင်းရေးဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှု သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦးနှင့် ရဝမ်ဒါနိုင်ငံသား ၁၀ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံ ပြည်နှင့်လွှဲပြောင်းပေးအပ်



နေပြည်တော် မေ ၂၂

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံသား ၁၀ ဦးနှင့် ရဝမ်ဒါနိုင်ငံသား ၁၀ ဦး စုစုပေါင်း ဦးရေ ၂၀ တို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံး Attache and Assistance to Nationals Officer Ms. Musetar Cabrito Moso နှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ ရဝမ်ဒါသမ္မတနိုင်ငံသံရုံးမှ First Counsellor Mr. Bonny Musefano နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။(ယာပုံ)

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၃၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၇၃၀၈ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား၁၇၂၃ဦးကိုသက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ - တရုတ် - ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



လှည်းကူး မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မေ၅ရက်တွင် ကျရောက်မည့် (၇၉) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့နယ်အတွင်းရှိ ဘုရား၊ စေတီများနှင့် ပြည်သူ့ဆေးရုံကြီးတို့၌ ယနေ့ နံနက်ပိုင်းကစတင်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ဦးစွာ လှည်းကူးမြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဝဏ္ဏစိုး ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ဘုရား၊ စေတီများ ရေသပ္ပာယ်ခြင်းဖြင့် ကြည်ညိုသဒ္ဓါပွားစေရေး၊ သန့်ရှင်းသာယာလှပစေရေးနှင့် ပြည်သူ့ဆေးရုံကြီးအတွင်းအပြင် သန့်ရှင်းသာယာရေးတို့အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကော့မှူး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေ

ကော့မှူး မေ ၂၂

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးပြည့်ဖြိုးအောင် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကော့မှူး-ကွမ်းခြံကုန်း- တွံတေးကားလမ်းမကြီးပေါ်တွင်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရပ်ကွက်အတွင်း မီးဘေးကာကွယ်ရေး စစ်ဆေးခြင်း၊ မီးသတ်ယာဉ်ဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး၊ မီးကိုပေါ့ဆစွာ အသုံးမပြုကြစေရေး၊ မီးကို စနစ်တကျအသုံးပြုကြစေရန်၊ မီးဘေးကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲ ဆိုးကျိုးများအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ကျော်သူရ(ကော့မှူး)

## အငြိမ်းစားဝန်ထမ်းများ၏ မေလအတွက် ပင်စင်လစာငွေများအား ပုံမှန်ထုတ်ပေး

ကံမ မေ ၂၂

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများ၏ မေလအတွက် ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်တွင် မေ ၂၁ ရက် နံနက် ၆ နာရီမှ စတင်၍ ထုတ်ပေးလျက်ရှိရာ ရပ်ကွက်ကျေးရွာများမှ ပင်စင်စားများအား နေ့အလိုက် ခွဲခြားသတ်မှတ်၍ ပင်စင်လစာငွေများကို ပုံမှန်ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ပင်စင်လစာများ ထုတ်ပေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူနိုင်ခြင်းမရှိသူများအနေဖြင့်လည်း မိသားစုဝင်တစ်ဦးဦးက ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားထုတ်ယူနိုင်ကြောင်း ကံမမြို့နယ်တွင် မြို့ပြပင်စင် ၆၂၉ ဦး၊ ကာကွယ်ရေးပင်စင် ၁၅၉ ဦး၊ နိုင်ငံရေးပင်စင် ၇၄ ဦးနှင့် မြန်မာ့စီးပွားရေးဘဏ် ပင်စင် ရှစ်ဦး၊ စုစုပေါင်း ပင်စင်စား အငြိမ်းစားဝန်ထမ်း ၈၇၀ ဦး ရှိကြောင်း ကံမမြို့ မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

(အပေါ်ပုံ)

ကျော်စေယျဝင်း(ကံမ)

## ရေနံချောင်းမြို့နယ်၌ နှမ်းစပါး စိုက်ပျိုးလျက်ရှိ

ရေနံချောင်း မေ ၂၂

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ နှမ်းစပါးကို မိုးရာသီနှင့် ဆောင်းရာသီတွင် အဓိကစိုက်ပျိုးလျက်ရှိသည်။

ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများ၌ စပါးကို ဝမ်းစာဖူလုံရေးနှင့် ဒေသ၌ ဆန်ဈေးကွက်တည်ငြိမ်ရေးအတွက် စိုက်ပျိုးကြပြီး ယခင်နှစ် နှမ်းစပါးစိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် ၁၀၈ ဒသမ ၈၃ တင်း ထွက်ခဲ့ကြောင်း နှမ်းစပါးစိုက်ပျိုးသည့် ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းအရ သိရသည်။

ယခုနှစ် နွေရာသီ၌ နှမ်းစပါး ဧက ၄၈၄လျာထားပြီး စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ယနေ့အထိ ရေနံချောင်းမြို့နယ်တွင် နှမ်းစပါး ဧက ၁၁၈စိုက်ပျိုးပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ရေနံချောင်းမြို့နယ်တွင် ဒေသမှ ထွက်ရှိသော ဆန်အပြင် ဆန်ကို ပွင့်ဖြူ၊စကု၊စလင်းမြို့နယ်များနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ထွက်ရှိသော ဆန်များကို အဓိကစားသုံးခြင်းကြောင့် ရောင်းဝယ်ကြကြောင်း သိရသည်။

(၄၇၂)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "နတ်ဆိုးအချစ်" Facebook အကောင့်နှင့် "@thuyachit041" TikTok ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နေ နေသူရအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အမေရိကန် ဒုသမ္မတဗန့်စ်နှင့် အိန္ဒိယဝန်ကြီးချုပ်နာရင်ဒရာမိုဒီ ကုန်သွယ်ရေးဆိုင်ရာ အရေးပါသော တိုးတက်မှုကို ကြိုဆို



**ဒေလီ ဧပြီ ၂၂**

အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်စ်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီတို့ နှစ်ဦးသည် အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယ နှစ်နိုင်ငံအကြား အစောပိုင်း ကုန်သွယ်ရေး သဘောတူညီချက်အတွက် ဆွေးနွေးမှုများတွင် အရေးပါသော တိုးတက်မှုကို ယမန်နေ့က ကြိုဆိုခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံသို့ လေးရက်ကြာချစ်ကြည်ရေး အလည်အပတ် ရောက်ရှိလာသော ဒုတိယသမ္မတ ဂျေဒီဗန့်စ်သည် မိသားစုနှင့်အတူ တာ့ဂျ်မဟာနှင့် ဂျေပူးမြို့တွင် မိန့်ခွန်းပြောကြားပြီးနောက် ဝန်ကြီးချုပ်နာရင်ဒရာမိုဒီနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

နာရင်ဒရာမိုဒီ၏ ရုံးမှ ထုတ်ပြန်ချက်အရ အဆိုပါခေါင်းဆောင်နှစ်ဦးသည် စွမ်းအင်ကာကွယ်ရေးနှင့် နည်းဗျူဟာမြောက်နည်းပညာများအပါအဝင် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ဆက်လက်အားထုတ်မှုများကို မှတ်ချက်ပေးခဲ့ကြသည်။

၎င်းတို့သည် ဒေသဆိုင်ရာနှင့် ကမ္ဘာ့ပြဿနာများကို ဆွေးနွေးခဲ့ပြီး မည်သည့်အရာကိုမှ မဖော်ညွှန်းဘဲ ကမ္ဘာ့ပဋိပက္ခများနှင့် ပတ်သက်၍ အိန္ဒိယ၏ စံသတ်မှတ်ချက်ကို ထပ်လောင်းအလေးထား၍ ရှေ့ဆက်ရန် လမ်းစအဖြစ် ဆွေးနွေးမှုနှင့် နိုင်ငံတကာ ဆက်ဆံရေးကို တောင်းဆိုခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗန့်စ်သည် အီတလီနိုင်ငံ ရောမမြို့တော်သို့ ခရီးစဉ်အပြီး ဒေလီမြို့တော်သို့ ရောက်ရှိလာခဲ့သည်။

လွန်ခဲ့သော ဖေဖော်ဝါရီလက အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်နှင့် ဝါရှင်တန်တွင် တွေ့ဆုံခဲ့စဉ်က ရေးဆွဲခဲ့သည့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နယ်ပယ်အသီးသီးရှိ တိုးတက်မှုများကို မိုဒီနှင့် ဗန့်စ်တို့နှစ်ဦးပြန်လည်သုံးသပ်ခဲ့ပြီး အပြုသဘောဆောင်သော အကဲဖြတ်ချက်များ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0



## ဗာတီကန်သာသနာ့ဂိုဏ်းထောက်တစ်ဦးဖြစ်သူ ကယ်ဗင်ဖာရယ် ပုပ်ရဟန်းမင်းကြီး၏တာဝန်ကို ယာယီထမ်းဆောင်သွားမည်

**ရောမ ဧပြီ ၂၂**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကွယ်လွန်ပြီးနောက် အမေရိကန်နှင့် ရှည်လျားသော ဆက်ဆံရေးရှိသည့် ဗာတီကန်သာသနာ့ဂိုဏ်းထောက်တစ်ဦးဖြစ်သူ ကယ်ဗင်ဖာရယ်က ပုပ်ရဟန်းမင်းကြီး၏ တာဝန်ကို ယာယီထမ်းဆောင်သွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပုပ်ရဟန်းမင်းကြီး "ခမည်းတော်၏အိမ်သို့ ပြန်လည်ရောက်ရှိသွားပြီ" ဟု ကြေညာပြီးနောက် ကယ်ဗင်ဖာရယ်သည် သူ၏ အရေးပါဆုံး လုပ်ငန်းတာဝန်ကို လွှဲပြောင်းထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ၂၀၁၉ ခုနှစ်တွင် အဆိုပါ ဂိုဏ်းထောက် ကယ်ဗင်ဖာရယ်အား အဆိုပါ တာဝန်အတွက် ခန့်အပ်ခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ကွယ်လွန်ခြင်း သို့မဟုတ် နုတ်ထွက်ပြီးနောက် ပုပ်ရဟန်း မင်းကြီးအသစ်ရွေးချယ်တင် မြှောက်ခြင်း မပြုမီ လစ်လပ်ကာလအတွင်း ၎င်းကတာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ဒေါ်လာသန်းထောင်ချီသော ငွေကြေးဖြတ်တောက်မှုကို တားဆီးရန် ဟားဗတ်တက္ကသိုလ်က ဖက်ဒရယ်တရားစွဲဆိုမှုတစ်ရပ်ကို စတင်

**ဝါရှင်တန် ဧပြီ ၂၂**

သမ္မတထရမ့်အစိုးရ၏ ဒေါ်လာသန်းထောင်ချီသော ငွေကြေးဖြတ်တောက်မှုအဆိုပြုချက်ကို တားဆီးရန် ဟားဗတ်တက္ကသိုလ်က ဖက်ဒရယ်တရားစွဲဆိုမှု တစ်ရပ်ကို စတင်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းတရားစွဲဆိုမှုမှာ လွန်ခဲ့သောအပတ်က ဟားဗတ်တက္ကသိုလ်မှ ကျောင်းတွင်း မတူကွဲပြားမှုဆိုင်ရာ လူပ်ရှားမှုများကို ထိန်းချုပ်ရန်နှင့် ဂျူးဆန့်ကျင်ရေး လှုပ်ရှားမှုများကို တိုက်ဖျက်ရန် ထရမ့်အစိုးရက တောင်းဆိုခဲ့သည့် စာရင်းကို ငြင်းပယ်ခဲ့ပြီးနောက် ပိုမိုဆိုးရွားလာသည့် အခြေအနေ၏ နောက်ဆက်တွဲပင် ဖြစ်သည်။

သမ္မတထရမ့်က ဖက်ဒရယ်ရန်ပုံငွေ ၂ ဒသမ ၂ ဘီလျံ(၁ ဒသမ ၇ ဘီလျံပေါင်)ကို ရပ်သိမ်းခဲ့ပြီး တက္ကသိုလ်၏ အခွန်ကင်းလွတ်ခွင့် အခြေအနေကိုလည်း ရပ်သိမ်းမည်ဟု ခြိမ်းခြောက်ခဲ့သည်။

အစိုးရ၏ လွန်ကဲသည့် လုပ်ရပ်များ၏ နောက်ဆက်တွဲဆိုးကျိုးများမှာ ပြင်းထန်ပြီး ရေရှည်တည်တံ့သွားနိုင်သည်ဟု ဟားဗတ်တက္ကသိုလ်၏ ဥက္ကဋ္ဌ အလန် အမ်ဂါဘာက ထောက်ပြပြောကြားခဲ့ကြောင်း သိရသည်။

Mon

## ဟီးနိုးမော်တာနှင့် မစ်ဆူဘစ်ရှီဖူဆိုထရပ်နှင့် ဘတ်စ်ကုမ္ပဏီတို့ ပေါင်းစည်းရေးသဘောတူညီချက် အပြီးသတ်လုပ်ဆောင်

**တိုကျို ဧပြီ ၂၂**

ဂျပန်အခြေစိုက် တိုယိုတာမော်တာနှင့် ဆက်စပ်ကုမ္ပဏီဖြစ်သော ဟီးနိုးမော်တာနှင့် ဂျာမနီအခြေစိုက်ဒိုင်ယမ်လာထရပ်၏ လက်အောက်ခံကုမ္ပဏီဖြစ်သော မစ်ဆူဘစ်ရှီဖူဆိုထရပ်နှင့် ဘတ်စ်ကုမ္ပဏီတို့သည် ပေါင်းစည်းရေး သဘောတူညီချက်ကို အပြီးသတ်ရန် လုပ်ဆောင်နေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုကားထုတ်လုပ်ရေးကုမ္ပဏီ အုပ်စုနှစ်စုအနေဖြင့် လာမည့် ၂၀၂၆ ခုနှစ် ဧပြီလတွင် ထရပ်ကားဌာနများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကုမ္ပဏီတစ်ခုထူထောင်ကာ တိုကျိုစတော့ရှယ်ယာဈေးကွက်၏ မူလဈေးကွက်တွင် စာရင်းသွင်းရန် ရည်ရွယ်ထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသော်လည်း အရင်းအမြစ်ကို ဖော်ပြထားခြင်းမရှိခဲ့ပေ။ ယင်းကုမ္ပဏီနှစ်ခုသည် ၂၀၂၄ နှစ်ကုန်တွင် ထရပ်ကားထုတ်လုပ်ရေးလုပ်ငန်းများကို ပေါင်းစည်းရန် သဘောတူညီခဲ့ကြသည်။

ထို့နောက်၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် နောက်ဆုံးသဘောတူညီချက်ကို သက်တမ်းမသတ်မှတ်ဘဲရွှေ့ဆိုင်းခဲ့သည်။

လာမည့်မေလအတွင်း ပေါင်းစည်းမှုသဘောတူညီချက်ကို အပြီးသတ်ရန် မျှော်လင့်ထားပြီး ဂျပန်တရားမျှတမှုကော်မရှင်၏ လက်ဝါးကြီးအုပ်မှုဆိုင်ရာ ပြန်လည်သုံးသပ်ချက်လုပ်ငန်းစဉ်မှာ ပြီးလုနီးပြီဖြစ်ကြောင်း သိရသည်။

Mon



## ထရမ့်က အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌကို ဝေဖန်တိုက်ခိုက်ခဲ့သည့်အတွက် အမေရိကန်စတော့ရှယ်ယာဈေးနှုန်းများနှင့် ဒေါ်လာတန်ဖိုးကျဆင်း

**ဝါရှင်တန် ဧပြီ ၂၂**

အတိုးနှုန်းများ မလျှော့ချသည့်အတွက် "အဓိကရှုံးနိမ့်သူ" ဟု သမ္မတဒေါ်နယ်လ်ထရမ့်က အမေရိကန်ဗဟိုဘဏ် ဥက္ကဋ္ဌကို ဝေဖန်တိုက်ခိုက်ခဲ့သည့်အတွက် အမေရိကန်စတော့ရှယ်ယာဈေးနှုန်းများနှင့် ဒေါ်လာတန်ဖိုးယမန်နေ့က နောက်ထပ်ကျဆင်းသွားခဲ့ကြောင်း ဘီဘီစီသတင်း ဌာနက ဖော်ပြသည်။

ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျေရုမ်းပေါ်ဝဲကို စီးပွားရေးတိုးတက်မှုအတွက် "ကြိုတင်ကာကွယ်သည့်အနေဖြင့်" အတိုးနှုန်းများကို လျှော့ချရန် တိုက်တွန်းခဲ့သော်လည်း ပေါ်ဝဲသည် စီးပွားရေးအခြေအနေများကို တုံ့ပြန်ရာတွင် အမြဲတမ်းနှေးကွေးနေသည်ဟု ထရမ့်က လူမှုမီဒီယာပို့စ်တစ်ခုတွင် ထောက်ပြခဲ့သည်။

အတိုးနှုန်းများကိုယခုချက်ချင်းမလျှော့ချပါက စီးပွားရေးနှေးကွေးမှုဖြစ်ပေါ်နိုင်သည်ဟု မှားယွင်းသောဆုံးဖြတ်ချက်များကြောင့် အဓိကရှုံးနိမ့်သူ ပေါ်ဝဲအတွက် ဤသည်မှာ အချိန်မီလုပ်ဆောင်ရန် နောက်ဆုံးအခွင့်အရေး ဖြစ်သည်ဟု ထရမ့်က ရေးသားခဲ့သည်။

ထရမ့်က ပေါ်ဝဲ အပေါ်ဝေဖန်မှုများသည် သူ၏ကိုယ်ပိုင်ကုန်သွယ်မှု အခွန်များဆိုင်ရာ အစီအမံများကြောင့် စတော့ဈေးကွက်ကျဆင်းမှုနှင့် စီးပွားရေးကျဆင်းမှုများအပေါ်စိုးရိမ်မှုများကို ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon





တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ် ရှန်ကျဲ့မြို့ရှိ နည်းပညာကုမ္ပဏီတစ်ခုတွင် နည်းပညာရှင်တစ်ဦးက လူသားပုံတူစက်ရုပ်တစ်ရုပ်ကို ပြုပြင်နေစဉ်။ Mon




## 2025 Porsche Tennis Grand Prix တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jelena Ostapenko ဆွတ်ခူး



**စတုဂတ် ဧပြီ ၂၂**

ဂျာမနီနိုင်ငံ၊စတုဂတ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Porsche Tennis Grand Prix တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို လတ်ဗီးယားတင်းနစ်မယ် Jelena Ostapenko က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ လတ်ဗီးယားတင်းနစ်မယ် Jelena Ostapenko သည် 2025 Porsche Tennis Grand Prix တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဘီလာရုတင်းနစ်မယ် Aryna Sabalenka အား ၆-၄၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ Jelena Ostapenko က "ကျွန်မအနေနဲ့ 2025 Porsche Tennis Grand Prix တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုဆွတ်ခူးနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နိုင်ငံအတွက်လည်း အကောင်းဆုံး ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ အားပေးတဲ့ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

(ဝဲပုံ) (NGB)

## အီလန်ဂါ၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် ၄၂သန်းအထိ နော်တင်ဟမ်ဖောရက်စ်အသင်းအလိုရှိ

**လန်ဒန် ဧပြီ ၂၂**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အသင်းတိုက်စစ်မှူး အီလန်ဂါ၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် ၄၂သန်းအထိ အလိုရှိနေသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး အီလန်ဂါသည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၅ပွဲကစားပြီး ၁၁ဂိုးအထိ သွင်းယူထားသည်။

နော်တင်ဟမ်ဖောရက်စ်အသင်းကလည်း အီလန်ဂါအတွက် ၄င်းတို့ အလိုရှိနေသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့်မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် နော်တင်ဟမ်ဖောရက်စ်အသင်းထံမှ အီလန်ဂါအားခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ) (NGB)



## မာတင်နယ်လီ အာဆင်နယ်အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၅၀ ပြည့်မြောက်

**လန်ဒန် ဧပြီ ၂၂**

အာဆင်နယ်အသင်းတိုက်စစ်မှူး မာတင်နယ်လီသည် အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၅၀ ပြည့်မြောက်သည့် မှတ်တမ်း တစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက အစ်ဆွစ်ချ်အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မာတင်နယ်လီသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၈ပွဲကစားပြီး ဂိုး ၅၀အထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ မာတင်နယ်လီက "ကျွန်တော်အခုလို သွင်းဂိုး ၅၀ပြည့်မြောက်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေနဲ့ အသင်းအောင်မြင်မှုတွေရရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(အောက်ပုံ) (NGB)






## ဘန်လေအသင်း ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိ

**လန်ဒန် ဧပြီ ၂၂**

အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံး ပြိုင်ပွဲ (ပွဲစဉ်-၄၄)ပွဲကစားအပြီးတွင် ဘန်လေအသင်းသည် ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့် ရရှိခဲ့ပြီ ဖြစ်သည်။

ဘန်လေအသင်းသည် အင်္ဂလိပ်ချန်ပီယံရှစ်ပွဲစဉ် ၄၄ ပွဲကစားအပြီးတွင် ရမှတ် ၈၄ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်ပြီး အဆင့်(၃)နေရာမှ ရှက်ဖီးလ်ယူနိုက်တက်အသင်းအား ရှစ်မှတ်အထိဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုမှာပင် ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့ပြီ ဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲမှ လိဒ်စ်အသင်းနှင့် ဘန်လေအသင်းတို့သည် ပရီးမီးယားလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဘာနာဒိုဆေးလ်ဗား ယခုနှစ်ဘောလုံးရာသီအကုန်တွင် မန်ချက်စတာစီးတီးအသင်းမှ ထွက်ခွာမည်

**မန်ချက်စတာ ဧပြီ ၂၂**

မန်ချက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ဘာနာဒိုဆေးလ်ဗားသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



ကွင်းလယ်ကစားသမား ဘာနာဒိုဆေးလ်ဗားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၉၇ ပွဲကစားကာ ဂိုး ၇၀ အထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။

ထို့ကြောင့် ဘာနာဒိုဆေးလ်ဗားအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း မန်ချက်စတာစီးတီးအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ) (NGB)

## လီဝန်ဒေါစကီး တံကောက်ကြောဒဏ်ရာကြောင့် နှစ်ပတ်ခန့်အနားယူရဖွယ်ရှိ

**ဘာစီလိုနာ ဧပြီ ၂၂**

ဘာစီလိုနာအသင်းတိုက်စစ်မှူး လီဝန်ဒေါစကီး တံကောက်ကြောဒဏ်ရာကြောင့် နှစ်ပတ်ခန့် အနားယူရဖွယ်ရှိနေသည်။



အဆိုပါ တိုက်စစ်မှူးသည် ဘာစီလိုနာအသင်းက ဆယ်လ်တာဗီဂိုအသင်းအား လေးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး လီဝန်ဒေါစကီး ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘာစီလိုနာအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၃၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး လီဝန်ဒေါစကီးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၃ ပွဲကစားကာ ၉၉ ဂိုးအထိ သွင်းယူထားသည်။

(ဝဲပုံ) (NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၄)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၄-၄-၂၀၂၅ | (၂)အာဆင်နယ် - ပဲလေ့စ်(၁၂) | အာဆင်နယ် ၅-၀ ပဲလေ့စ် | အာဆင်နယ်(အိမ်) | ၁၆ | ၁၀ | ၅ | ၁ | ၃၁ | ၁၃ |
| နံနက် ၀၁:၃၀နာရီ | (ပဲလေ့စ် ၁-၅ အာဆင်နယ်) | ပဲလေ့စ် ၀-၁ အာဆင်နယ် | ပဲလေ့စ်(ဧည့်) | ၁၆ | ၆ | ၅ | ၅ | ၂၂ | ၂၂ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၃)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၃-၄-၂၀၂၅ | (၄)ဘီလ်ဘာအို - လာ့ပါးလ်မက်စ်(၁၇) | ဘီလ်ဘာအို ၁-၀ လာ့ပါးလ်မက်စ် | ဘီလ်ဘာအို(အိမ်) | ၁၆ | ၉ | ၆ | ၁ | ၃၀ | ၁၀ |
| ည ၁၁:၃၀ နာရီ | (လာ့ပါးလ်မက်စ် ၂-၃ ဘီလ်ဘာအို) | လာ့ပါးလ်မက်စ် ၀-၂ ဘီလ်ဘာအို | လာ့ပါးလ်မက်စ်(ဧည့်) | ၁၆ | ၄ | ၃ | ၉ | ၁၉ | ၂၈ |
| ။ | (၈)ဆဲလ်တာဗီဂို - ဗီလာရီးရဲလ်(၅) | ဆဲလ်တာဗီဂို ၃-၂ ဗီလာရီးရဲလ် | ဆဲလ်တာဗီဂို(အိမ်) | ၁၆ | ၉ | ၃ | ၄ | ၂၅ | ၁၇ |
| | (ဗီလာရီးရဲလ် ၄-၃ ဆဲလ်တာဗီဂို) | ဗီလာရီးရဲလ် ၃-၂ ဆဲလ်တာဗီဂို | ဗီလာရီးရဲလ်(ဧည့်) | ၁၆ | ၉ | ၃ | ၄ | ၂၄ | ၁၉ |
| ၂၄-၄-၂၀၂၅ | (၁၂)ဂီတာဖေး - ရီးရဲလ်မက်ဒရစ်(၂) | ဂီတာဖေး ၀-၂ ရီးရဲလ်မက်ဒရစ် | ဂီတာဖေး(အိမ်) | ၁၆ | ၄ | ၇ | ၅ | ၁၄ | ၁၄ |
| နံနက် ၀၂:၀၀နာရီ | (ရီးရဲလ်မက်ဒရစ် ၂-၀ ဂီတာဖေး) | ရီးရဲလ်မက်ဒရစ် ၂-၁ ဂီတာဖေး | ရီးရဲလ်(ဧည့်) | ၁၆ | ၈ | ၅ | ၃ | ၂၇ | ၁၅ |
| ။ | (၁၈)အလာဗက်စ် - ဆိုစီဒက်(၉) | အလာဗက်စ် ၀-၁ ဆိုစီဒက် | အလာဗက်စ်(အိမ်) | ၁၅ | ၄ | ၄ | ၇ | ၁၁ | ၁၆ |
| | (ဆိုစီဒက် ၁-၂ အလာဗက်စ်) | ဆိုစီဒက် ၁-၁ အလာဗက်စ် | ဆိုစီဒက်(ဧည့်) | ၁၆ | ၅ | ၄ | ၇ | ၁၅ | ၁၉ |

### ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်-ဒုတိယအကျော့) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပ-ကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၄-၄-၂၀၂၅ | (၁)အင်တာမီလန် - အေစီမီလန်(၉) | အင်တာမီလန် ၁-၂ အေစီမီလန် | အင်တာမီလန်(အိမ်) | ၁၆ | ၁၂ | ၃ | ၁ | ၃၇ | ၁၈ |
| နံနက်၀၁:၃၀နာရီ | (အေစီမီလန် ၁-၁ အင်တာမီလန်) | အေစီမီလန် ၁-၁ အင်တာမီလန် | အေစီမီလန်(ဧည့်) | ၁၆ | ၇ | ၂ | ၇ | ၂၆ | ၂၃ |

# ကမ္ဘာမြေကြီး အစွန့်ရှည်ဖို့ လူသားများက ကာကွယ်ကြပါစို့

ဧပြီ ၂၂ ရက် (အင်္ဂါနေ့)သည် (World Earth Day) ကမ္ဘာ့မြေနေ့ ဖြစ်ပါသည်။ ဤရက်နေ့ကို ကုလသမဂ္ဂအထွေထွေညီလာခံတွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။

ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးသည် (NGO)အစိုးရအဖွဲ့မဟုတ်သော ကမ္ဘာ့အကြီးဆုံး ပရဟိတအဖွဲ့ကြီး ဖြစ်ပါသည်။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင် စတင်ဖြစ်တည်ခဲ့ပြီး ယခုအချိန်တွင် အမေရိကန်ပြည်ထောင်စုရှိ နယူးယောက်မြို့၌ တည်ရှိပါသည်။ အဖွဲ့ဝင် ၁၉၃ နိုင်ငံနှင့် ဖွဲ့စည်းထားရာ ယခုအခါတွင် သက်တမ်း ၈၀ ပင် ပြည့်ပါတော့မည်။ နှစ်စဉ်ကျင်းပသည့် အထွေထွေညီလာခံများတွင် ထူးခြားသောဖြစ်စဉ်များရှိပါက တက်ရောက်လာသော ကိုယ်စားလှယ်များ၏ သဘောတူညီချက်ဖြင့် အထိမ်းအမှတ်များကို သတ်မှတ်ပြဋ္ဌာန်းခဲ့ကြပါသည်။

အထိမ်းအမှတ်များ သတ်မှတ်ရာတွင် အကြောင်းအရာ အမျိုးမျိုးရှိပါသည်။ ယခုဆောင်းပါးသည် ကမ္ဘာမြေနှင့် ဆက်စပ်သည့် အထိမ်းအမှတ်များကို နှစ်အလိုက် အထိမ်းအမှတ်နှင့် လ၊ ရက်အလိုက် အကြောင်းအရာများကို ကောက်နုတ်ဖော်ပြသွားမည် ဖြစ်ပါသည်။ ဦးစွာ နှစ်အလိုက် အထိမ်းအမှတ်အချို့ကို ဖော်ပြသွားပါမည်။

* ၂၀၁၁ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်၊
* ၂၀၁၂ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ စွမ်းအင်နှစ်၊
* ၂၀၁၆ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ပဲမျိုးစုံနှစ်တို့ ဖြစ်ပါသည်။

**လအလိုက် အထိမ်းအမှတ်များမှာ–**

* ဧပြီ ၂၂ ရက်ကို (World Earth Day) ကမ္ဘာ့မြေနေ့၊
* ဇွန် ၁၇ ရက်ကို ကမ္ဘာ့သဲကန္တာရနေ့ဖြစ်ထွန်းမှု တိုက်ဖျက်ရေးနေ့နှင့်
* အောက်တိုဘာ ၁၆ ရက်ကို စားနပ်ရိက္ခာနေ့

ဟု သတ်မှတ်ပြဋ္ဌာန်းသည်များကို လေ့လာတွေ့ရပါသည်။

ကျွန်ုပ်တို့ ကမ္ဘာမြေကြီး (ကမ္ဘာဂြိုဟ်)သည် နေစကြဝဠာရပ်ဝန်းတွင် ရှိ၍ တခြားဆက်စပ်သည့် ဖြစ်စဉ်များကို ဖော်ပြလိုပါသည်။ နေမင်းကြီး (တနင်္ဂနွေဂြိုဟ်)နှင့် မိုင်ပေါင်း ၉၃ သန်းခန့်ကွာဝေးပြီး စတုရန်းမိုင်ပေါင်း ၅၈ သန်းခန့် ကျယ်ဝန်းပါသည်။ နေမင်းကြီးအား တစ်ပတ်ပြည့်အောင် ၃၆၅ ရက် (တစ်နှစ်)ကြာမြင့်သည်ဟု သိရပါသည်။ အခြားဂြိုဟ်များမှ လွတ်ထွက်ရန် ရန်းကန်မှုသည် တစ်နာရီတွင် မိုင် ၂၅၀၀၀ ရှိပြီး မျက်နှာပြင်အပူချိန်မှာ ဖာရင်ဟိုက် ၉၀ ဒီဂရီမှ ၃၃၆ ဒီဂရီအထိ ရှိသည်ဟု သိရပါသည်။ နေမင်းကြီးနှင့် ဂြိုဟ်စဉ်အရ တတိယနေရာ၌ရှိပြီး အနီးကပ်ဆုံးဂြိုဟ်မှာ ဗုဒ္ဓဟူးဂြိုဟ်ဖြစ်သည်ဟု သိရပါသည်။

ကမ္ဘာမြေကြီးအား ဘေးပတ်လည်ဝန်းရံလျက်ရှိသော ရေထုသည် ရေငန် ၇၀ ရာခိုင်နှုန်းရှိပြီး မြေထုသည် ၃၀ ရာခိုင်နှုန်းရှိပါသည်။

ကမ္ဘာ့လူဦးရေသည် ယခုအချိန်တွင် သန်း ၈၀၀၀ ခန့်ရှိပြီး သောက်သုံးနေရသည့် ရေချိုပမာဏသည် ကမ္ဘာ့မြေပေါ်၊ မြေအောက်တို့မှ ရရှိသော်လည်း လုံလောက်မှုမရှိ၍ နှစ်စဉ် လူဦးရေ ဘီလီယံချီပြီး ရေချိုများနှင့် ကင်းကွာနေရသည်ဟု သိရပါသည်။ ကမ္ဘာတွင် $CO_2$ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ထုတ်လွှင့်မှုများကြောင့် ကမ္ဘာ့ရာသီဥတုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပူပြင်းလာခဲ့ရာ ယခင်က ပုံမှန်ရှိခဲ့ကြသည့် ကမ္ဘာ့အမြင့်ဆုံးဒေသ ဟိမဝန္တာတောင်ထိပ်ရှိ ရေခဲတောင်တန်းများ၊ ရေခဲမြစ်များနှင့် ဝင်ရိုးစွန်းဒေသရှိ ရေခဲတောင်၊ ရေခဲပြင်များသည် အရည်ပျော်ပြီး နီးစပ်ရာ မြစ်များ၊ ချောင်းများမှ ပင်လယ်များနှင့် သမုဒ္ဒရာများထဲသို့ ရေချိုမှ ရေငန်အဖြစ်သို့ စီးဝင်သွားကြသည့် သတင်းများကို မီဒီယာအသင်းများမှ သိရပါသည်။

သမုဒ္ဒရာအားလုံးတွင် အကြီးကျယ်ဆုံးဖြစ်သော ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းငယ်ငါးခုသည်ပင် လွန်ခဲ့သည့် နှစ်အတော်ကြာကာလက သမုဒ္ဒရာရေအောက်သို့ နစ်မြုပ်သွားပြီဟု သိရပါသည်။ ယခုအခါမှာလည်း ပြီးခဲ့သည့်နှစ်တွင် အပူအားပြင်းသည့် အယ်လ်နီညိုကြောင့် လူသားအချို့ အသက်ဆုံးရှုံးရသလို အချို့သော မြစ်၊ ချောင်း၊ အင်းအိုင်များရှိ ရေချိုများ တဖြည်းဖြည်းခန်းခြောက်လာသည်ဟု သိရှိရပါသည်။ ဥပမာ မြန်မာနိုင်ငံ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အင်းလေးကန်သည် ယခင်ကထက် ရေများ နည်းပါးလာသည်ဟု သိရသည်။

ထို့အပြင် အယ်လ်နီညိုရာသီဥတုသည် အပူပိုင်းကျသည့် နိုင်ငံအချို့တွင် ကျရောက်မည်ဖြစ်ရာ မြန်မာနိုင်ငံလည်း ပါဝင်သည်ဟု သိရပါသည်။ ယင်းရာသီသည် ယခုလို နှစ်စဉ်နှစ်တိုင်း ကျရောက်နေပါက လူသားများအတွက် အသက်အန္တရာယ်ဖြစ်နိုင်သလို မြစ်၊ ချောင်း၊ ပင်လယ်သမုဒ္ဒရာ ကမ်းစပ်ရှိ နိုင်ငံများ၊ မြို့များ၊ ရွာများလည်း အနာဂတ်မှာ အန္တရာယ်များနှင့် ရင်ဆိုင်ရဖွယ် ရှိပါသည်။

ကျွန်ုပ်တို့ ကမ္ဘာမြေဂြိုဟ်သည် စတုရန်းမိုင် ၅၈ သန်းခန့်ရှိပြီး ကမ္ဘာမြေစတင်ဖြစ်တည်စဉ်မှ ယနေ့တိုင်အောင် သတ္တလောကရှိ လူသားများ၊ သတ္တဝါများနှင့် ဩကာသ လောကရှိ သစ်တော၊ သစ်ပင်နှင့် တောင်တန်းကြီးများစွာတို့ တည်နေနိုင်အောင် စောင့်ရှောက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် လူသားအားလုံးနှင့် သတ္တဝါများအားလုံးတို့၏ ကျေးဇူးရှင်ကြီးဟု သတ်မှတ်နိုင်ပါသည်။ ကျွန်ုပ်တို့ မိခင်၊ ဖခင်တို့က မူလကျေးဇူးရှင်ဖြစ်သလို ဤကမ္ဘာမြေကြီးကလည်း သဘာဝကျေးဇူးရှင်ပင် ဖြစ်ပါသည်။

ထို့အပြင် ထူးထူးခြားခြား ဖြစ်စဉ်၊ ဖြစ်ရပ်များ ပေါ်ပေါက်လာပါက လူသတ္တဝါတို့အား အသိပေးသလို နတ်၊ ဗြဟ္မာများကိုလည်း အသိပေးဝေပါသည်။ ထို့အပြင် ကာယကံရှင်ကိုလည်း ဂုဏ်ပြုခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်စဉ်တိုင်းတွင် ကမ္ဘာမြေကြီးက တုန်လှုပ်ပြီး အချက်ပြသပေးလေ့ရှိပါသည်။ ကမ္ဘာမြေကြီးတွင် နေ့စဉ် ငလျင်ငယ်များ လှုပ်လျက်ရှိသလို နှစ်တော်တော်ကြာမှ အင်အားပြင်းသော ငလျင်များလည်း လှုပ်လေ့ရှိပါသည်။

ဥပမာ လွန်ခဲ့သည့် နှစ်(၅၀)၊ ၁၉၇၅ ခုနှစ်၊ ဇူလိုင် ၈ ရက်တွင် မြန်မာနိုင်ငံ ပုဂံဒေသ၌ ရစ်(ခ်ျ)တာစကေး ၆ ဒသမ ၈ ရှိ ငလျင်ကြီးလှုပ်ခဲ့ရာ ပုဂံဒေသရှိ ဘုရား၊ ပုထိုး၊ ဂူကျောင်းများစွာ ပြိုကျပျက်စီးခဲ့ပါသည်။ ယခုနှစ် မတ် ၂၈ ရက်မှာလည်း အင်အား ရစ်(ခ်ျ)တာစကေး ၇ ဒသမ ၇ အင်အားပြင်းသည့် ငလျင်ကြီး နေ့လယ်ပိုင်းတွင် လှုပ်ရှားခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော် တစ်ဝိုက်တို့တွင် ဘုရားစေတီအချို့မှစ၍ အဆင့်မြင့်တိုက်များ၊ ကျောင်းများ၊ အထပ်မြင့်များစွာ ပြိုကျပျက်စီးခြင်းနှင့် မြို့ကြီးများရှိ လမ်းမကြီးတချို့ ကွဲအက်ပျက်စီးခြင်းများ ရှိကြပါသည်။ ငလျင်ပြင်းမှုကြောင့် အထပ်မြင့်တိုက်ကြီးများ ပြိုကျရာမှ ပြည်သူ များ သေဆုံးခဲ့ကြသည်ဟု သိရပါသည်။ ယခုငလျင်ကြီးသည် ယခင်ပုဂံဒေသ၌ လွန်ခဲ့သော နှစ်(၅၀)ကျော်က လှုပ်ခဲ့သော ငလျင်ထက် ပြင်းအား ဒသမ ၉ ပိုအားကောင်းခဲ့သည်ဟု သိရပါသည်။


ကမ္ဘာပေါ်ရှိ လူသားများနှင့် သတ္တဝါများ အသက်ရှင်သန်နေထိုင်နိုင်ရန် ကမ္ဘာမြေကြီးသည် အမြဲထာဝစဉ် လိုအပ်သည့် ရေချိုများ၊ အစားအသောက် ရိက္ခာအတွက် ဆန်စပါး၊ ကောက်ပဲသီးနှံ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များကိုလည်း ရာသီအလိုက် အစဉ်မပြတ် ဖန်တီးပေးလျက်ရှိပါသည်။ ထို့အပြင် လူသားတို့ နေ့စဉ်ဝတ်ဆင်နိုင်ရန် ချည်ထည်၊ ပိုးထည်အမျိုးမျိုးကိုလည်း ရာသီဥတုအလိုက် အစဉ်မပြတ် ဖန်တီးပေးနေသလို လုံခြုံသပ်ရပ် တင့်တယ်ခမ်းနားစွာ နေထိုင်နိုင်ရန် တိုက်တာအဆောက်အအုံ၊ စက်ရုံအဆောက်အအုံကြီးများ တည်ဆောက်ရာတွင် မရှိမဖြစ်သော ပစ္စည်းအမျိုးမျိုးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါသည်။ ဥပမာအားဖြင့် သစ်သားအမျိုးမျိုး၊ အုတ်ခဲ၊ ကျောက်၊ ဘိလပ်မြေ၊ ထုံး၊ သံ စသည်တို့ ဖြစ်ပါသည်။

ထို့အပြင် လူသားများအတွက် လမ်းပန်းဆက်သွယ်သွားလာနိုင်အောင် မော်တော်ကားလမ်းအမျိုးမျိုး၊ မီးရထားလမ်းအသွယ်သွယ်၊ တံတားများ စသည်တို့ကိုလည်း ဤကမ္ဘာမြေကြီးကပင် အကျိုးပြုစေပါသည်။

နောက်ဆုံး လူနှင့်သတ္တဝါများ အသက်ကုန်၍ သေဆုံးသွားပြီး ကျန်ရစ်ခဲ့သော ခန္ဓာကိုယ်ရုပ်အလောင်းများကို မိမိ၏ မြေအတွင်းမှာ မြှုပ်နှံသင်္ဂြိုဟ်ခွင့် ပြုထားလျက်ရှိပါသည်။

လူသားများ၊ သတ္တဝါများအတွက် သောက်သုံးနိုင်ရန် ရေချိုသည် ပင်လယ်နှင့်သမုဒ္ဒရာ ဆားငန်ရေမှ ၃ ဒသမ ၅ ရာခိုင်နှုန်းသာ ရရှိသည်။ ယင်းရေချိုဖြင့် လူသားများ၊ သတ္တဝါများအတွက် လုံလောက်မှုမရှိပါ။ ဤရေချိုဖြင့်သာ လူသားများ၊ သတ္တဝါများ မှီခိုရမည်ဆိုလျှင် နှစ်ပေါင်းများစွာကပင် ရေချိုမလုံလောက်မှုနှင့် တွေ့ကြုံမည်ဖြစ်ရာ ကမ္ဘာမြေကြီးက လူသားများနှင့် သတ္တဝါများအတွက် ရေချိုအတိုင်းအတာတစ်ခုအနေဖြင့် (Underground Water) မြေအောက်မှ ရေချို (Fresh Water) ဒသမ ၇ ရာခိုင်နှုန်းကို ထုတ်ပေးနိုင်ခဲ့ပါသည်။ သို့ဖြစ်ရာ ယနေ့လူသားများ၊ သတ္တဝါများသည် စုစုပေါင်း (Fresh Water) ရေချိုပမာဏ သည် ၅ ဒသမ ၂ ရာခိုင်နှုန်းကို သုံး၍ ရနေပါသည်။

ကျွန်ုပ်တို့ နေထိုင်သည့် ကမ္ဘာဂြိုဟ်သည် နေမင်းနှင့် အနီးကပ်ဆုံး မဟုတ်ပါ။ တတိယ




နေရာမှာ ဖြစ်ပါသည်။ ဗုဒ္ဓဟူးဂြိုဟ်နှင့်သောကြာဂြိုဟ်များသည် ကမ္ဘာထက် နေမင်းနှင့် ပို၍နီးကပ်စွာ တည်ရှိကြပါသည်။ နေမင်း၏ အလင်းရောင်နှင့် အပူချိန်များကိုလည်း ကမ္ဘာမြေကြီးနှင့် တိုက်ရိုက်မသက်ရောက်စေရန် အာကာသကောင်းကင်ယံရှိ တိမ်တိုက်ကြီးများနှင့် ဓာတ်လွှာများက ကာကွယ်ထားသည်ဟု သိရပါသည်။ ဥပမာ–အပူဒဏ်ကို ကာကွယ်ပေးသည့် အိုဇုန်းလွှာများ၊ ဓာတ်တိမ်တိုက်လွှာများ ဖြစ်ပါသည်။

ထိုကဲ့သို့ အာကာသမိုးကောင်းကင်ယံ၌ ဓာတ်တိမ်တိုက်လွှာ အမျိုးမျိုးတို့က ကာကွယ်ထားခြင်းသည် အဓိက ကမ္ဘာမြေကြီးအား အပူဒဏ်များမှ သက်သာစေသလို ကျွန်ုပ်တို့ လူသားများ၊ သတ္တဝါများနှင့် သစ်တော၊ သစ်ပင်များစွာကိုလည်း အကျိုးသက်ရောက်ကာ ပူပြင်းမှုဒဏ်မှများစွာသက်သာစေပါသည်။

သို့ဖြစ်ရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကျင်းပသော အထွေထွေညီလာခံမှ ပြဋ္ဌာန်းသတ်မှတ်ခဲ့သည့် ဤကမ္ဘာ့မြေနေ့ (World Earth Day) ကို ကုလသမဂ္ဂအဖွဲ့ အထွေထွေညီလာခံက (ဧပြီ ၂၂ ရက်)ကို အထိမ်းအမှတ်တစ်ခုအဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့ ကမ္ဘာ့လူသားအတွက် ယနေ့တိုင် အသက်ရှင်သန်စေရန် ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ အစဉ်စောင့်ရှောက်လျက်ရှိသည့် မဟာကျေးဇူးရှင် ဤကမ္ဘာမြေကြီးအား သန်း ၈၀၀၀ ကျော်ရှိသည့် လူသားအားလုံးတို့က အန္တရာယ်အမျိုးမျိုးမှ လွတ်ကင်းအောင် ကာကွယ်ပေးကြပါရန် "ကမ္ဘာမြေကြီး အစွန့်ရှည်ဖို့ လူသားများက ကာကွယ်ကြပါစို့" ဆောင်းပါးဖြင့် ဧပြီ ၂၂ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့မြေနေ့အား ကြိုဆိုဂုဏ်ပြုပါကြောင်းနှင့် ၁၃၈၇ ခုနှစ် နှစ်သစ်ကူး မင်္ဂလာရှိသောနေ့မှစ၍ မြန်မာပြည်သူများအပါအဝင် ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံးပါ ကပ်ရောဂါများ၊ ငလျင် စသည့် သဘာဝဘေးဥပဒ်အန္တရာယ်များမှ ကင်းဝေးကြ၍ ငြိမ်းချမ်းသာယာသောဘဝသို့ ရရှိခံစားကြရပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည် …။

**မောင်လူလှ(ဇေယျာဦး)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန (၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ်(၄/၂၀၂၅ လမှ ၃/၂၀၂၆ လ)အထိ မန္တလေးနေ့စဉ်သတင်းစာများပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက် သတင်းစာစက္ကူ(News Print Paper Brite 48.8 gsm 30" size) အမျိုးအစား (၁၁၇)တန် ဝယ်ယူခြင်းကို အောက်ပါအစီအစဉ်အတိုင်းအိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် | - | ၂၈-၄-၂၀၂၅ ရက် |
| (ခ) | တင်ဒါပုံစံရောင်းချမည့်နေရာ | - | မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅ လမ်းနှင့် ၃၆လမ်းကြား၊ လမ်း ၇၀နှင့် ၇၁လမ်းကြား၊ |
| (ဂ) | တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန် | - | ၁၉-၅-၂၀၂၅ ရက် ညနေ (၄း၃၀)နာရီ |
| (ဃ) | တင်ဒါတင်သွင်းရမည့်နေရာ | - | မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅လမ်းနှင့် ၃၆ လမ်းကြား၊ လမ်း ၇၀နှင့် ၇၁ လမ်းကြား |
| (င) | တင်ဒါရွေးချယ်မည့်နေ့ရက်နှင့်အချိန် | - | ၂၂-၅-၂၀၂၅ရက် နံနက် (၉း၃၀)နာရီ |
| (စ) | တင်ဒါရွေးချယ်မည့်နေရာ | - | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ အစည်းအဝေးခန်းမ |
| (ဆ) | တင်ဒါလျှောက်လွှာတစ်စုံရောင်းချဈေးနှုန်း | - | ၁၀၀၀၀/-ကျပ် |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉-၂၀၅၁၇၅၂၊ ၀၂-၂၈၄၇၃၉၈၊ ၀၉-၇၉၇၅၇၅၂၇၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၆၀)၊ ဦးပိုင်အမှတ်(၂၂)၏ အနောက်မြောက်ခြမ်း အရှေ့အနောက် မျက်နှာပွင့် (၁၃)ပေ၊ တောင်မြောက်(၂၁)ပေ၊ အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံများအပါအဝင် မြေပေါ်၊ မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်အိအိမိုး(ဘ)ဦးကျော်မြင့်(၅/မမတ(နိုင်)၀၄၅၅၂၈)မှ ၎င်းတရားဝင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မြင့်(ဘ)ဦးသောင်းစိန်(၉/မရတ(နိုင်)၀၁၆၉၂၉)က ဝယ်ယူမည်ဖြစ်ပါ၍ ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးအောင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်ဖူးမွန် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၂၄၈၃)**
**အကွက် (၄၇၅)၊ တမ္ပဝတီ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၆၀၈၆၈၇၁၆**

## မိတ္ထီလာမြို့နယ် တောင်ဖီလာကျေးရွာ၌ သတ္တမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ ဧပြီ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်တဲအုပ်စု တောင်ဖီလာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်း မပျောက် လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ် ချေးခြင်းများကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေး ရွာစီမံကိန်းတာဝန်ခံက ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ် ငန်းများနှင့်အခြား မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စီမံကိန်း အကြောင်း အရာများ၊ အတိုးနှုန်းများ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေး ရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက တောင်ဖီလာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး အတွက် ငွေကျပ် ၁၆ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ ဦးငွေကျပ် ၃၉ ဒသမ ၁သန်း၊ စုစုပေါင်း ၉၇ ဦး၊ ငွေကျပ် ၅၆သန်း ထုတ်ချေး ပေးခဲ့ကြောင်းသိရသည်။ **(အောက်ပုံ) (၄၆၉)**



## ဇီဝိတဒါနငါးလွှတ်ပွဲ၊ အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

**တာချီလိတ် ဧပြီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်တွင် မြန်မာ နှစ်ဆန်း ၁ ရက်နေ့ မြို့ပေါ် (၁၁) ရပ်ကွက်နှင့် ကျေးရွာများတွင် ရှေးရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ဇီဝိတဒါနငါးလွှတ်ပွဲ၊ အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီး ပူဇော်ပွဲများကို ကျင်းပလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက မယ်ဟုတ် ချောင်းနှင့် အောင်မြတ်ခန်းမတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ရှေးဦးစွာ တာချီလိတ်မြို့နယ်၊ မယ်ယန်းကျေးရွာအုပ်စု၊ မယ်ဟုတ်ချောင်းကမ်းတွင် မြန်မာ နှစ်ဆန်း ၁ ရက်နေ့ အဘယဒါန ဇီဝိတဒါနငါးလွှတ်ပွဲကို ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ မြို့မိ၊ မြို့ဖများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ငါးသားပေါက်များအား မယ်ဟုတ်ချောင်းအတွင်းသို့ လွှတ်ပေးကာ အဘယဒါနဇီဝိတဒါနငါးလွှတ်ပွဲတွင် ငါးကြင်းရွှေဝါကောင်ရေ ၂၅၀၀အား လွှတ် ပေးကြသည်။

ဆက်လက်၍ တာချီလိတ်မြို့၊ အောင်မြတ် ခန်းမ၌ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ အလှူရှင်များစု ပေါင်း ကျင်းပသည့် အန္တရာယ် ကင်း ပရိတ်တရားတော်ရွတ်ဖတ် ပူဇော်ပွဲအခမ်းအနားကိုနမောတ ဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တ သုဓမ္မ(သာသနတက္ကသီလဓမ္မာစရိယ၊ B.A Buddhism, M.A သီရိလင်္ကာထံမှ ဓည့်ပရိသတ်များကငါးပါးသီလခံယူဆောက်တည် ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားနာကြား၍ ပရိတ်တရားတော်များ ရွတ်ဖတ်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ကျင်းပရာ အသက်(၈၅)နှစ်အထက် အဘိုး၊ အဘွား ၈၅ ဦး တက်ရောက်ကာ နယ်မြေခံတပ်မှ ဗိုလ်မှူး ကြီး ကျော် မင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများက အဘိုး၊ အဘွားများအား ရှိခိုးကန်တော့ကာ ဂါရဝပြုလက်ဆောင်များ ပေးအပ်ပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**




**ပန်းမန်သစ်ပင်လေသန့်စင်၍ ဥယျာဉ်တောတန်းစိတ်ရွှင်လန်း၏။**

## ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး)သို့ ငွေနှင့် ဆေးဝါးများ လှူဒါန်း၊ ငလျင်ဘေးသင့်ပြည်သူများအား ဆန်နှင့် စောင်များ ထောက်ပံ့

**မန္တလေး ဧပြီ ၂၂**

ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး)သို့ ငလျင်ဘေးသင့်ပြည်သူများအတွက် ငွေနှင့် ဆေးဝါးများ လှူဒါန်းပွဲကို ဧပြီ ၂၀ရက် နံနက် ၉နာရီက ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၂လမ်း၊ ၃၃ လမ်းနှင့် ၃၄လမ်းကြားရှိ အဆိုပါအသင်းရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ငြိမ်းငြိမ်း၊ အတွင်းရေးမှူး ဦးမောင် မောင်တာနှင့် အမှုဆောင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် ငလျင်ဘေးသင့်ပြည်သူများ ဆေးကုသမှုလုပ်ငန်းအတွက် ငွေကျပ် သိန်း ၈၀တန်ဖိုးရှိ ဆေးဝါးများကို လည်းကောင်း၊ ရန်ကုန်မြို့နေ မဆုလတ်ပြည့်နှင့် မိသားစုများက မန္တလေးငလျင်ဘေး ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် ၁၀သိန်းတို့အား လှူဒါန်းရာ အသင်းဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်များက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး)နှင့် ဒေါက်တာ ကျော်လင်းဦးနှင့် IM1(1991-1999) Self Help Group တို့ ပူးပေါင်း၍ ဧပြီ ၂၀ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ယာယီကယ်ရေးစခန်းများဖြစ်သော လမ်း၃၀နှင့် လမ်း၆၀ ထောင့်ရှိ အထက(၅)ဘောလုံးကွင်းနှင့် ဗထူးအားကစားကွင်းတို့တွင် ငလျင်ဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆန်အိတ်များ၊ စောင်၊ ဖော့ဖျာများကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀

၀-၀-၀-၀

- ❖ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ် ...
- ❖ စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ် ...
- ❖ တစ်ဦးချင်းအသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို ...
- ❖ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို ...
- ❖ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်
(မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်)
၂၀၂၅ ခုနှစ် ၊ ဧပြီ ၂၂ ရက်

၁။ မတ် ၂၈ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း တည်ငြိမ်အေးချမ်းမှုကိုရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက်အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့် ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာမှလည်း ကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးအဖွဲ့များစေလွှတ်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခြင်း၊ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၄ သို့ ○



နေပြည်တော်သင်တန်းစခန်းရှိ လေကြောင်းလူငယ်အခြေခံသင်တန်းမှ သင်တန်းသားများ ခင်းကျင်းပြသထားသည့် လေကြောင်းပြကွက်များကို ကြည့်ရှုလေ့လာကြစဉ်။

## ၂၀၂၅ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂၂

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ် အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) နှင့် ရေကြောင်းလူငယ် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)ဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာမြို့နယ်အသီးသီး၌ တစ်ချိန်တည်း စတင်ဖွင့်လှစ်ကြသည်။

စာမျက်နှာ ၁၀ သို့ ▼

### မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဧပြီ ၂၂

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

### ၂၂-၄-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၆၃၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ